# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၃၇)

၁၂၇၅ ခုနှစ်က ပ တည်ထောင်သည်။
Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ ... 

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ ကြာသပတေးနေ့။


**ဝီရိယနှင့် ဆန္ဒအကျိုး**

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ဖြင့် ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်နေ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးစဉ်။

(မြဝတီ)

**နေပြည်တော် နိုဝင်ဘာ ၅**

ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Alexander Mezhuev အား သမ္မတအိမ်တော်၌ သွားရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး နိုင်ငံတော်လုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး Lt-Gen. Yuri Zhadobin ၊ နိုင်ငံတော်ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကော်မတီဥက္ကဋ္ဌ Lt-Gen. Gurulev Sergey Petrovich နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ သို့*

## ယနေ့ မာတိကာ


ပြင်သစ်နှင့် ဆော်ဒီအာရေဗျတို့ လက်ဘနွန်စစ်လက်နက်ဆိုင်ရာ သဘာတူညီမှု လက်မှတ်ရေးထိုး — စာမျက်နှာ - ၄

ဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်သည်ဟု ထင်ရသောနေရာများ လုံခြုံရေးချထား — စာမျက်နှာ - ၅

အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး — စာမျက်နှာ - ၆

မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ကျင်းပ — စာမျက်နှာ - ၁၁

ချယ်လ်ဆီးနဲ့ပွဲမှာ ကြိုးကြာနီတို့ တောင်ပံခတ်အမြင့် ပျံသန်းနိုင်ပါ့မလား — စာမျက်နှာ - ၁၃


# ပြည်ထောင်စုသားတို့ ဆုံမည့်ပွဲ

သတင်းဆောင်းပါး
ကိုကြီးစော

"စိမ်းညို့အုံ့မှိုင်း၊ ရိုးတံတိုင်းနှင့် ရစ်ဝိုင်းလို့ကာ၊ ရေပြာမြသား၊ ဘင်္ဂလားတို့၊ ပေါင်းအားစုညီ၊ ဝတီလေးရပ်၊ စဉ်ညီညွတ်ကာ၊ စန္ဒာလဆန်း၊ ပမာထွန်းစွ---" ဟူသော ဆရာလေး ဝတီထွန်းစောခိုင်၏ "သာစွရွှေမြေ" ကဗျာထဲကစာသားအတိုင်းစာရေးသူတို့ရခိုင်မြေသည် အရှေ့ဘက်တွင် ရခိုင်ရိုးမတောင်တန်းကြီး၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အရှေ့တောင်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီးတို့အကြားတွင် တည်ရှိကာ ဆန်းစလခြမ်းပမာ သာယာလှပစွာ တည်ရှိပေသည်။

ရှေးအစဉ်အလာကပင် ယဉ်ကျေးမှုထွန်းကားခြင်း၊ ဆန်ရေစပါး ပေါများခြင်း၊ သစ်ဝါးပြည့်ဝခြင်း၊ ဥယျာဉ်ခြံသီးနှံများ ထွက်ရှိခြင်း၊ သတ္တုရေနံ သယံဇာတများကြွယ်ဝခြင်း၊ သားငါးပုစွန်များကြွယ်ဝစွာ ထွက်ရှိခြင်းကြောင့် ရတနာရွှေမြေဟု တင်စားခေါ်ဝေါ်ကြသည်။

ရခိုင်မြေအလှသဘာဝများကို ရေးပြလျှင်လည်း ဆုံးအံ့မမြင်ပါ။ ကိုယ်တိုင်လာရောက်ကာ ရှုစားကြည့်ပါက ရင်သပ်အံ့ဩသွားပေလိမ့်မည်။

**ပြည်ထောင်စုသားတို့ ဆုံမည့်ပွဲ**

ရခိုင်ပြည်နယ်မြို့တော် စစ်တွေ၌ နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံ နပန်းပြိုင်ပွဲကြီးကို ခမ်းခမ်းနားနား စည်စည်ကားကား ကျင်းပတော့မည်ဖြစ်သည်။ ၎င်းပြိုင်ပွဲကြီးအောင်မြင်စွာ၊ ဂုဏ်ယူဖွယ်ကြွားစွာ ကျင်းပနိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအနေဖြင့် ငွေကျပ်သိန်းထောင်ပေါင်းများစွာ အသုံးပြုထားသည်ဟုသိရသည်။ အခြားဒေသများထက်ထူးခြားစွာ ဖြစ်စေရမည်ဟု ပြောသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံ နပန်းပြိုင်ပွဲကြီးဖွင့်ပွဲ၊ပိတ်ပွဲကို စစ်တွေမြို့ရှိ ဝေသာလီအားကစားကွင်းကြီး၌ ကျင်းပသွားမည်ဖြစ်ရာ ဖွင့်ပွဲကို နိုဝင်ဘာ ၇ ရက် ညနေပိုင်းတွင်

*စာမျက်နှာ ၈ ကော်လံ ၁ သို့*



ဝေသာလီ အားကစားကွင်း၌ ကျောင်းသားကျောင်းသူများ စုပေါင်းလေ့ကျင့်နေမှုကို တွေ့ရစဉ်။


မွန်မြတ်သောကထိန်အလှူပွဲမှာ မြောက်များစွာသော ဒါနအလှူများ ပြုနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်...

ဂေါ်ဒီလာ
ခြင်နိုင် ဆေးခွေ






09 5152737

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စာပေမြင့်မှ လူမျိုးတင့်မည်

နိုင်ငံတစ်နိုင်ငံတွင် စာတတ်ပေတတ်ပညာတတ်များ၊ စာပေဗဟုသုတကြွယ်ဝသူများ ပေါ်များခြင်းဖြင့် ထိုနိုင်ငံသည် အဘက်ဘက်မှ တိုးတက်သောနိုင်ငံအဖြစ်သို့ရောက်ရှိလာမည် ဖြစ်ပါသည်။ ဤသို့ စာပေဗဟုသုတကြွယ်ဝသူများ ပေါ်များလာအောင် စွမ်းဆောင်ပေးနေသူများမှာ စာပေပညာရှင်များပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း စာပေပညာရှင်(ဝါ) စာရေးဆရာများအား ချီးမြှောက်ဂုဏ်ပြုသောအားဖြင့် ၎င်းတို့ ရေးသားခဲ့သော စာအုပ်စာမူများကို နှစ်စဉ်နှစ်တိုင်း စာပေဆုများ ချီးမြှင့်ပေးလျက်ရှိပါသည်။

ကျွန်ုပ်တို့နိုင်ငံအတွင်း အဓိကချီးမြှင့်သော စာပေဆုနှစ်ခုမှာ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူ ဆုများဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအနေဖြင့် ၂၀၁၃ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့်စာအုပ်များကို စိစစ်ရွေးချယ်ပြီး အမျိုးသားစာပေဆု ချီးမြှင့်ရန် ရွေးချယ်ခံရသောစာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်လိုက်ပြီဖြစ်ပါသည်။ ဤစာပေဆုများမှာ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ဘာသာပြန်(သုတ)၊ သုတပဒေသာ(ဝိဇ္ဇာ) စာပေ၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)၊ သုတပဒေသာ(အသုံးချသိပ္ပံ)၊ နိုင်ငံရေးစာပေ၊ အင်္ဂလိပ်ဘာသာ (သုတ)တို့ဖြစ်ပါသည်။ ဤဆုများကို ၂၀၁၃ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၂၀၀၃ အုပ်မှ သက်ဆိုင်ရာဘာသာရပ်အလိုက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီမှ စာပေပညာရှင် အသိပညာရှင် အတတ်ပညာရှင်များက ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသားစာပေဆုဘာသာရပ်များကို အမျိုးအစားတိုးမြှင့်ချီးမြှင့်ခဲ့ရာ ၂၀၁၀ပြည့်နှစ်မှစ၍ အင်္ဂလိပ်ဘာသာစာအုပ်ကိုလည်းကောင်း၊ ၂၀၁၁ခုနှစ်တွင် အဆိုပါအင်္ဂလိပ်ဘာသာ စာအုပ်ဆုကို သုတနှင့်ရသဟူ၍ ခွဲခြား၍လည်းကောင်း ချီးမြှင့်ခဲ့သည့်အတွက် စုစုပေါင်းဘာသာရပ် ၁၆မျိုးဖြစ်လာခဲ့သည်။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၁၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော စာမူများနှင့် စာရေး ဆရာများ၏အမည်စာရင်းကိုလည်း စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်လိုက်ပြီဖြစ်ပါသည်။ စာပေဗိမာန်ဆုနှင့် အမျိုးသားစာပေဆုတို့မှာ စာမူဆုနှင့် စာအုပ်ဆုအဖြစ်ကွာခြားပါသည်။ စာပေဗိမာန်ဆုက စာမူကိုချီးမြှင့်ခြင်းဖြစ်ပြီး အမျိုးသားစာပေဆုက ရေးသားထုတ်ဝေခဲ့သည့် စာအုပ်အပေါ် ချီးမြှင့်ခြင်းဖြစ်ပါသည်။ စာပေဗိမာန်ဆုတွင် ဘာသာရပ် ၁၃မျိုး ချီးမြှင့်ကြောင်း သိရပါသည်။

ဤသို့ အမျိုးသားစာပေနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ခြင်းဖြင့် စာပေပညာရှင်များ စာရေးဆရာများအား အသိအမှတ်ပြု ချီးမြှောက်ရာရောက်သကဲ့သို့ စာကောင်းပေမွန် လက်ရာကောင်းများလည်း ပေါ်ထွက်လာမည်ဖြစ်ပါသည်။ စာကောင်းပေကောင်းလက်ရာကောင်းစာပေများကို ဖတ်ရှုကြသူများ တိုးပွားလာခြင်းဖြင့် နိုင်ငံတော်အတွင်း စာတတ်ပေတတ်၊ စာပေဗဟုသုတကြွယ်ဝသူများ တိုးပွားလာပြီး နိုင်ငံ့ဂုဏ်ကိုလည်း တင့်တယ်စေမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

## အာရှအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ နှစ်ပတ်လည်ညီလာခံကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် အာရှ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်ညီလာခံသို့တက်ရောက်ခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ကိုရီးယားသမ္မတနိုင်ငံရှိ KD Power Co.Ltd (ရုံးချုပ်) သို့ အောက်တိုဘာ ၂၈ရက်ညနေ ၃ နာရီကရောက်ရှိပြီး စက်မှုဝန်ကြီးဌာနနှင့် KD Power Co.,Ltd. တို့ Joint Venture စနစ်ဖြင့် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ Myanmar Korea Business Development Center အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ထို့နောက် KD Power Co., Ltd. မှ ထုတ်လုပ်လျက်ရှိသော ကုန်ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီးက လှည့်လည်လေ့လာ ကြည့်ရှုခဲ့ရာ မြန်မာနိုင်ငံ ကျေးလက်ပြည်သူများ မြေအန္တရာယ်ကင်းရှင်းစွာ နေထိုင်နိုင်ရေးအတွက် မြွေများမလာနိုင်သည့်အနံ့ကိုထည့်သွင်းလျက် နည်းပညာမြင့်မားသော ဆိုလာမီးသီး၊ မီးအုပ်ဆောင်းများကို အသစ်ပြောင်းလဲထုတ်လုပ်ခြင်းလုပ်ငန်းကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံမှထွက်ရှိသည့် Gas ကို အသုံးပြုလျက် Gas Engine များကို မြန်မာနိုင်ငံနှင့် ပူးပေါင်း ထုတ်လုပ်လိုကြောင်း ကုမ္ပဏီဥက္ကဋ္ဌက တင်ပြခဲ့သည်။

ထို့နောက် အောက်တိုဘာ ၂၉ ရက်က အာရှအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ကောင်စီ၏ ဥက္ကဋ္ဌဦးဆောင်သောအဖွဲ့က ပြုလုပ်သည့် Breakfast Meeting သို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ ACSB အဖွဲ့ဝင်ဖြစ်လာရေးကိုညှိနှိုင်းဆွေးနွေးခဲ့သည်။

အာရှ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒုတိယအကြိမ်မြောက်ညီလာခံ ပထမနေ့တွင် ပြည်ထောင်စုဝန်ကြီးက 'How to improve Healthiness of Business Ecosystem in Asia SME' ခေါင်းစဉ်ဖြင့် Keynote Speech ကို ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေ ၄နာရီတွင် ကိုရီးယားသမ္မတနိုင်ငံရှိ Industrial Bank of Korea (ရုံးချုပ်) သို့ရောက်ရှိ ခဲ့ရာ Industrial Bank of Korea ၏ ဥက္ကဋ္ဌဖြစ်သူ Ms. Kwon,Seon-Joo က ကိုရီးယားသမ္မတနိုင်ငံရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများကို ချေးငွေ၏ ၇၇ ရာခိုင်နှုန်းကို နှစ်စဉ်ငွေချေးပေးလျက်ရှိပြီး အစိုးရချေးငွေဆိုင်ရာဥပဒေအရ Credit Rating System အသုံးပြုလျက် SMEများအား ငွေကြေးထောက်ပံ့ခြင်းကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စု ဝန်ကြီးသည် အောက်တိုဘာ ၃၀ရက်တွင် အာရှ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဒုတိယအကြိမ်မြောက် ညီလာခံ ဒုတိယနေ့သို့ တက်ရောက်ခဲ့သည်။ ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တကွ ဝန်ကြီးအဆင့်ရှိ ကိုယ်စားလှယ်ငါးဦးတို့က High-Profile Round Table Talk အစီအစဉ်တွင် "Facilitating Collaboration among Policy Makers and SMEs in Asia Country" ခေါင်းစဉ်ကို ရှုထောင့်အမျိုးမျိုးမှ ဆန်းသစ်သောအတွေးအခေါ်များ၊ အကြံဉာဏ်များထုတ်ဖော်ပြသလျက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားသမ္မတနိုင်ငံမှ ထိုင်းနိုင်ငံသို့ရောက်ရှိပြီး ဂျာမနီနိုင်ငံ၏ အကူအညီဖြင့် တည်ထောင်ထားသည့် Waste Treatment ကုမ္ပဏီသို့လည်းကောင်း၊ Millcon Steel PLC ကုမ္ပဏီသို့လည်းကောင်း၊ စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် DANIELI Co.Ltd သို့လည်းကောင်း သွားရောက်ကာ ၎င်းတို့၏ ဆောင်ရွက်နေမှုအခြေအနေများကို လေ့လာကြည့်ရှုပြီး မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**



## မိတ္ထီလာမြို့ဝင်ဆိုင်းဘုတ် ချုံနွယ်များဖြင့် ဖုံးကွယ်နေ

**ထင်သာမြင်သာပြုပြင်စရာ**

မိတ္ထီလာမြို့ စက်မှုဇုန်အနီး မန္တလေး မြို့ဘက်မှ မြို့ဝင်ဆိုင်း ဘုတ်ကို သန့်ရှင်းသာယာမှုရှိအောင် ဆောင်ရွက်ခြင်းမရှိသည်မှာ ကာလကြာပြီဖြစ်၍ ကန္တာရဆူးပင် ချုံနွယ်များဖြင့် ဖုံးကွယ်လျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့တွင် မြင်းခြံမြို့ဘက်မှ မြို့ဝင်ဆိုင်းဘုတ်သည် မြင်တော်ကန်ကျေးရွာ လမ်းဆုံအနီးတွင်လည်းကောင်း၊ တောင်ကြီးမြို့ဘက်မှ မြို့ဝင်ဆိုင်းဘုတ်သည် ထမုန်ကျေးရွာအနီးတွင်လည်းကောင်း၊ ရန်ကုန်မြို့ဘက်မှ မြို့ဝင်ဆိုင်းဘုတ်သည် အမတ ၁၁၃ အနီးတွင် လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့ဘက်မှ မြို့ဝင်ဆိုင်းဘုတ်သည် အောင်ဆန်းရပ်ကွက်အနီးတွင်လည်းကောင်း အသီးသီးတည်ရှိပြီး သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ထားရှိသည်ကို တွေ့ရသည်။ မန္တလေးမြို့ဘက်မှ မြို့ဝင်ဆိုင်းဘုတ်သည် စက်မှုဇုန်အနီးတွင် တည်ရှိပြီး ကာလကြာစွာ ပြုပြင်ဆောင်ရွက်ခြင်းမရှိသဖြင့် ဆိုင်းဘုတ်ပတ်ဝန်းကျင်တွင် ကန္တာရဆူးပင် ချုံနွယ်များပေါက်ရောက် ရှင်သန်ကြီးထွားကာ ဆိုင်းဘုတ်အား ဖုံးကွယ်လျက်ရှိသည်။

မိတ္ထီလာမြို့သည် မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ရန်ကုန်၊ တောင်ကြီး၊ မန္တလေးကားလမ်းမငါးသွယ်ဆုံရာ ဒေသဖြစ်၍ ခရိုင်မြို့အဂ္ဂိရပ် နှင့်ညီညွတ်အောင် မန္တလေးမြို့ဘက်မှ မိတ္ထီလာစက်မှု ဇုန်အနီး မြို့ဝင်ဆိုင်းဘုတ်ကို သန့်ရှင်းသာယာလှပရေးအတွက် ပြုပြင်ဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ပါသည်။

**ထီလာသား**




PAPER LANTERN FESTIVAL 2014
ထိန်းသိမ်းရိုးရာ တို့မြန်မာ ပါဝင်ဆင်နွှဲ MITV မီးပုံးပွဲ mitv

MITV မြန်မာအင်တာနေရှင်နယ် ရုပ်သံလိုင်းမှ မြန်မာ့ရိုးရာမီးပုံးပွဲ ၂၀၁၄ ကို နိုဝင်ဘာလ ၅ရက် ၊ ၆ရက် နေ့များတွင် ညနေ(၄)နာရီ မှ ည(၁၀)နာရီအထိ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ရွှေထွဋ်တင်ဝန်း၌ အောက်ပါအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပါသည်။

မိသားစု (၅) ဦး လက်မှတ်တစ်စောင်လျှင် (၁၀၀၀)ကျပ်နှင့် အတူ

- ချား (သို့) ရဟတ် တစ်ကြိမ် အခမဲ့ စီးနင်းခွင့်
- မီးပုံး ဒီဇိုင်းပညာရှင်များ၏ မီးပုံးပြုလုပ်ပုံ အဆင့်ဆင့်
- ကလေးငယ်များ၏ မီးပုံးဆေးခြယ်ပြိုင်ပွဲနှင့် ချစ်စဖွယ် အကအလှ တင်ဆက်မှုများ
- အနုပညာဖျော်ဖြေတင်ဆက်မှု ၊ မြန်မာ့ရိုးရာ အစားအစာ ပွဲဈေးတန်းများ
- စိတ်လှုပ်ရှားပျော်ရွှင်ဖွယ် ကစားပွဲများနှင့် အခြားဈေးရောင်းပွဲတော်များ
- မိမိကိုယ်တိုင် မီးမျှောနိုင်မည့် အခွင့်အရေးနှင့် မီးပုံးကလေးများဖန်တီးနိုင်မည့် အစီအစဉ်
- အနစ်သက်ဆုံးမီးပုံးကို မဲပေးရင်း ရန်ကုန် - ဘန်ကောက် အသွားအပြန် လေယာဉ်လက်မှတ်နှင့်
- အခြားကံစမ်းမဲအစီအစဉ်များ အစရှိသည့် အစီအစဉ်ကောင်းများကို ပါဝင်ဆင်နွှဲနိုင်ရန်အတွက် လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်အပ်ပါသည်။

MAIN SPONSOR
ALPINE Purified Drinking Water

LMA တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 006583 (0115)
လွင်မြင့်အောင် အမှတ်တံဆိပ်
မြင်းခွာရွက် လက်ဖက်ခြောက်

အကျိုးအာနိသင်
- အသားအရေတင်းရင်းလှပစေခြင်း၊
- အရေးအကြောင်းများလျော့ပါးစေခြင်း၊
- အနာကျက်မြန်စေခြင်း၊
- သွေးလည်ပတ်မှုအားကောင်းစေခြင်း၊
- သွေးကြောများကြံ့ခိုင်မှုကို ကူညီထိန်းသိမ်း ပေးခြင်း၊
- ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း၊
- စိတ်ဖိစီးမှုလျော့နည်းစေခြင်း၊
- လန်းဆန်းခွန်အားဖြစ်စေခြင်း၊
- ဆီးရွှင်ခြင်း၊

မြင်းခွာရွက်အခြောက်၊ မြင်းခွာရွက်အဆီ၊ လက်ဖက်ခြောက်တို့ဖြင့်ပြုလုပ်ထားပါသည်။
ISO 9001:2008 နှင့် GMP လက်မှတ်ရ လွင်မြင့်အောင် အင်ဒတ်စထရီရယ်(လ်) ကုမ္ပဏီလီမိတက်
အမှတ် (၁၃၀/၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၅၄၈၈၇၄၊ ၀၁ - ၅၄၆၅၉၄ မှ ထုတ်လုပ်သည်။
အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များနှင့် စိန်ဂေဟာ အရောင်းဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

ပြည်တွင်းသတင်း

❍ ရှေ့ဖုံးမှ

တွေ့ဆုံပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံသည် ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ဖြင့် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နေပါကြောင်း၊ သမိုင်းအစဉ်အလာကိုထိန်းပြီး ပြည်သူ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေပါကြောင်း၊ သမိုင်းနောက်ခံချင်းတူညီကြသည့် မိမိတို့နှစ်နိုင်ငံသည် တူညီသောအခြေခံစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါကြောင်း၊ လုံခြုံရေးအရအကြမ်းဖက်မှုပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း၊ စစ်ဘက်နည်းပညာနှင့် ပညာသင်ကြားရေးကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

Mr.Mezhuev ကပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုကိုထိန်းသိမ်းသည့်အစဉ်အလာလည်းတူညီကြောင်း၊ စစ်ဘက်နည်းပညာတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များစွာရှိကြောင်း၊ နှစ်နိုင်ငံစစ်ဘက်နည်းပညာကိုအခြေခံ၍ ယဉ်ကျေးမှုဆိုင်ရာများကိုလည်း ဖလှယ်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံ၏တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု၊ တိုင်းပြည်ကောင်းအောင်လုပ်ဆောင်နေမှုများကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံနှင့်အလားတူဖြစ်၍ ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်မည်ဟုယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဒေသစံတော်ချိန် ည ၇ နာရီတွင် သမ္မတအိမ်တော်၌ ဘယ်လာရုစ်နိုင်ငံ နိုင်ငံတော်လုံခြုံရေးကောင်စီအတွင်းရေးမှူးက ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ ဂုဏ်ပြုညစာစားပွဲတွင် Mr.Mezhuev က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ နိုဝင်ဘာ ၄ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lt-Gen. Yuri Zhadobin ဦးဆောင်သည့်တပ်မတော်ကိုယ်စားလှယ်အဖွဲ့တို့သည် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးကောင်စီအတွင်းရေးမှူးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ကျေးဇူးတင်စကားပြောကြားစဉ်။ (မြဝတီ)

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် တပ်မတော်ချင်း၊ ပြည်သူလူထုချင်း ပိုမို၍ချစ်ကြည်ရင်းနှီးမှု ၊ ပူးပေါင်းဆောင်ရွက်မှုအခြေအနေကောင်းများ ရရှိအောင်ဆောင်ရွက်ရေး၊ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းပြီးဖြစ်၍ တပ်မတော်နှစ်ရပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန နှစ်ခုအကြား ဆက်ဆံရေးပိုမိုကောင်းမွန်စေရန် နှစ်ဖက်စစ်သံမှူးများအား တာဝန်ပေးအပ်ရေး၊ တပ်မတော်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ကမ္ဘာနှင့်ဆိုင်သော အကြမ်းဖက်မှုတားဆီးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် National Academic Bolshoi and Ballet Theatre သို့ရောက်ရှိပြီး Theatre အတွင်း တည်ဆောက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြကာ နာမည်ကြီးအနုပညာရှင်များ၏ အော်ပရာတေးသီချင်းဧည့်ခံဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

ယင်း Theatre သည် ၁၉၃၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံဖြစ်ပြီး ကမ္ဘာ့အထင်ရှားဆုံး အော်ပရာကဇာတ်ရုံတစ်ရုံဖြစ်ကြောင်း၊ လက်ရှိသမ္မတလက်ထက်တွင် "နိုင်ငံ့ဂုဏ်ဆောင်သမိုင်းဝင်အဆောက်အအုံ၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၏ပြယုဂ်" အဖြစ် တင်စားခေါ်ဝေါ်ကြကြောင်း သိရှိရသည်။ **(မြဝတီ)**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကရုပ်သံလွှင့်ကုမ္ပဏီများ၊ FM ကုမ္ပဏီများအကြား ပြင်ဆင်စာချုပ် ချုပ်ဆိုခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်း




**ရန်ကုန် နိုဝင်ဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကရုပ်သံလွှင့်ကုမ္ပဏီများ၊ FM ကုမ္ပဏီများအကြား ပြင်ဆင်စာချုပ် ချုပ်ဆိုခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာ ရှင်းလင်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းပြည်ပသတင်းဌာနများမှ အယ်ဒီတာချုပ်များ၊ အယ်ဒီတာများနှင့် သတင်းထောက်စုစုပေါင်း ၆၃ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပုဂ္ဂလိကရုပ်သံလွှင့်ကုမ္ပဏီများ၊ FM ကုမ္ပဏီများအကြား ချုပ်ဆိုထားသော စာချုပ်များကို ပြင်ဆင်ချုပ်ဆိုပြီးစီးမှုအခြေအနေ၊ အဆိုပါစာချုပ်များကို ပြင်ဆင်ဖြည့်စွက်ချုပ်ဆိုရသည့် အဓိကအကြောင်းရင်းများနှင့် နိုင်ငံတော်အတွက် ရရှိလာမည့်အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ပဏာမအဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက မူလစာချုပ်များ အခြေအနေ၊ မူလစာချုပ်များကို ပြင်ဆင်ဖြည့်စွက်ရသည့် အကြောင်းရင်း၊ အစည်းအဝေးများအဆင့်ဆင့် ကျင်းပဆွေးနွေးခဲ့ပြီး အတည်ပြုချက်အရ ကုမ္ပဏီများနှင့် သဘောတူညီမှုရရှိခဲ့မှုအခြေအနေ၊ ပြင်ဆင်ဖြည့်စွက်စာချုပ်အရ တိုးတက်ရရှိမည့်လစဉ်ဝင်ငွေနှိုင်းယှဉ်ချက်များအပါအဝင် ပြင်ဆင်ဖြည့်စွက်စာချုပ်များ ချုပ်ဆိုရခြင်း၏ အခြေအနေနှင့်စပ်လျဉ်း၍ Power-point ဖြင့် အသေးစိတ် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြားချက်များနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ မီဒီယာအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေတို့က ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားပြီး သတင်းစာရှင်းလင်းပွဲကို ညနေ ၃ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဆိုင်ရာ Media Handbook အား ဝက်ဘ်ဆိုက်လွှင့်တင်ထား

**နေပြည်တော် နိုဝင်ဘာ ၅**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အဆိုပါ ထိပ်သီးအစည်းအဝေးများသို့ သတင်းဝင်ရောက်ရယူရမည့် ပြည်တွင်းပြည်ပမီဒီယာများအတွက် အထောက်အကူဖြစ်စေရန်အတွက် အစည်းအဝေးဆိုင်ရာအချက်အလက်များပါဝင်သည့် Media Handbook အား www.asean 2014.gov.mm နှင့် www.moi.gov.mm ဝက်ဘ်ဆိုက်များတွင် ယနေ့မှစ၍ လွှင့်တင်ထားကြောင်း အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**

# ပြည်သူလူထုသို့ အသိပေးကြေညာချက်

**နေပြည်တော် နိုဝင်ဘာ ၅**

အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပစဉ်ကာလအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ပြည်တွင်း ပြည်ပခရီးသွားလာသူ အများပြည်သူများအား စိစစ်ခြင်း၊ စစ်ဆေးမေးမြန်းခြင်း၊ ရှာဖွေစစ်ဆေးခြင်းတို့ကို လုံခြုံရေးတာဝန်အရ တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခရီးသွားလာကြမည့် အများပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးလက်မှတ် သို့မဟုတ် သက်ဆိုင်ရာ နိုင်ငံသားအထောက်အထားလက်မှတ်၊ ဝန်ထမ်းစိစစ်ရေးလက်မှတ်၊ ခရီးသွားလာခွင့် သို့မဟုတ် ခိုင်လုံသောအထောက်အထားများ၊ လိုအပ်သောစာရွက်စာတမ်းများနှင့် သက်ဆိုင်ရာယာဉ်အထောက်အထားများကိုပါ မပျက်မကွက်ကိုင်ဆောင်၍ ခရီးသွားလာကြပါရန်နှင့် တာဝန်ရှိသူများမှ တာဝန်အရ စစ်ဆေးမေးမြန်းခြင်းအပေါ် ကြည်ဖြူစွာခံယူ၍ ပူးပေါင်းကူညီဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ **(ပြည်ထဲရေးဝန်ကြီးဌာန)**

# လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၅**

အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး ဦးသိန်းလှိုင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းတို့သည် King Prajadhipok's Institute(KPI) မှ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည့် KPI Congress XVI သို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

# အသိပေးကြေညာချက်

**နေပြည်တော် နိုဝင်ဘာ ၅**

နေပြည်တော်တွင် အာဆီယံထိပ်သီးအစည်းအဝေးများကျင်းပစဉ်အတွင်း လုံခြုံရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၈ ရက်မှ စတင်၍ ၁၅ ရက်အထိ မြို့တွင်းနှင့်အဝေးပြေးခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်ကြီးများကို အောက်ဖော်ပြပါလမ်းအတိုင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

(၁) ရာဇသင်္ဂဟလမ်းတစ်လျှောက် သပြေကုန်းအဝိုင်းမှ ကံ့ကော်ပန်းအဝိုင်းအထိ၊

(၂) တော်ဝင်ရတနာလမ်းကို ရွှေကြာပင်မီးပွိုင့်မှ တော်ဝင်ရတနာလမ်းဆုံမီးပွိုင့်(တံ့ဂပူရိမီးပွိုင့် )အထိ၊

(၃) ရွှေကြာပင်လမ်းကို ရွှေကြာပင်မီးပွိုင့်မှ ရာဇသင်္ဂဟလမ်းနှင့် ဆုံရာအထိ။

အဆိုပါလမ်းများတွင် သတ်မှတ်ချက်ပါယာဉ်များအတွက် ခေတ္တပိတ်ထားစဉ် စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ ညာကွေ့ပြီး ရွှေကြာပင်မီးပွိုင့်မှ ဘယ်ကွေ့၍လည်းကောင်း၊ ဇီဇဝါပန်းအဝိုင်းမှ ညာကွေ့၍ နေပြည်တော်ကောင်စီလမ်းအတိုင်း ကံ့ကော်ပန်းအဝိုင်းမှတစ်ဆင့် လယ်ဝေးမြို့နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းသို့လည်းကောင်း၊ အမြန်လမ်းမှ ဝင်ရောက်လာသည့်ယာဉ်များသည် နေပြည်တော်မြို့ပတ်လမ်းဆုံတွင် ဘယ်ကွေ့၍ မြို့ပတ်လမ်းအတိုင်း ပျဉ်းမနား-တောင်ညိုလမ်းသို့လည်းကောင်း ပြောင်းလဲအသုံးပြုပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။

**လုံခြုံရေးကော်မတီ**

နိုင်ငံတကာသတင်း

## ဓာတုစက်ရုံယိုစိမ့်မှု တစ်ဦးသေဆုံး၊ ငါးဦးအဆိပ်သင့်

**ဟန်ကျိုး နိုဝင်ဘာ ၅**

တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျန်းပြည်နယ်ရှိ ဓာတုစက်ရုံတစ်ရုံမှ ဗင်ဇင်းဓာတ်ဆေးရည် ယိုစိမ့်မှုကြောင့် အလုပ်သမားတစ်ဦးသေဆုံးခဲ့ပြီး အခြားငါးဦးအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

Quzhou မြို့ရှိ ဓာတုပစ္စည်းသိုလှောင်ရုံတစ်ခု၌ ဗုဒ္ဓဟူးနေ့ နံနက် ၅ နာရီ ၁၅ မိနစ်က အလုပ်သမားများဓာတုဆေးရည်သိုလှောင်ကန်ကို စစ်ဆေးနေစဉ် အဆိုပါယိုစိမ့်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပေါင်းခံအငွေ့သည် ယင်းသိုလှောင်ကန်ကို အက်ကွဲမှုဖြစ်ပွားစေခဲ့ပြီး အဆိပ်ငွေ့များထွက်လာခဲ့ရာ အလုပ်သမားတစ်ဦး သေဆုံးခဲ့ကာ အခြားငါးဦးမှာ အဆိပ်မိသောလက္ခဏာများ တွေ့ရသဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

၎င်းဆေးရည် ယိုစိမ့်မှုသည် လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းမှုကိုဖြစ်စေနိုင်သဖြင့် ဒေသတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက စစ်ဆေးစမ်းသပ်မှုပြုလုပ်ရန် ဝန်ထမ်းများ စေလွှတ်ခဲ့သည်။

ဗင်ဇင်းဆေးရည်သည် လူများကိုသွက်ချာပါဒဖြစ်စေနိုင်ပြီး သွေးအားနည်းရောဂါနှင့် သွေးကင်ဆာအပါအဝင် အခြားရောဂါများကို ဖြစ်စေနိုင်သည်။ **(ဆင်ဟွာ)**

# အကြမ်းဖက်တိုက်ခိုက်နိုင်ဖွယ် သတင်းရရှိခဲ့ပြီးနောက် အိန္ဒိယရေတပ်သင်္ဘောနှစ်စင်း ကိုလ်ကတ္တားမှ ထွက်ခွာ



**ကိုလ်ကတ္တား နိုဝင်ဘာ ၅**

လုံခြုံရေးအေဂျင်စီက အကြမ်းဖက် တိုက်ခိုက်လိမ့်မည်ဟု သတိပေးပြီးနောက် အိန္ဒိယရေတပ်က စစ်သင်္ဘောနှစ်စင်းကို ကိုလ်ကတ္တား မြို့ဆိပ်ကမ်း အရှေ့ပိုင်းမှ ပြန်လည်ရုပ်သိမ်းခဲ့သည်။

အဆိုပါ စစ်သင်္ဘောများအား စစ်ဆင်ရေး အကြောင်းပြချက်များဖြင့် ပင်လယ်ပြင်သို့ ပြန်ရန်အမိန့် ထုတ်ပြန်ထားပြီဖြစ်ကြောင်း အိန္ဒိယရေတပ်က ပြောသည်။ သို့သော်လည်း အဆိုပါဆိပ်ကမ်းသို့ တိုက်ခိုက်ဖွယ်ရှိသည့် သတိပေးကြေညာချက်တစ်ရပ် လက်ခံရရှိထားကြောင်း ကမ်းခြေစောင့်တပ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပါကစ္စတန်နယ်စပ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူပေါင်း ၅၀ သေဆုံးခဲ့ပြီးနောက် နှစ်ရက်အကြာ အဆိုပါ ရေတပ်သင်္ဘောများ ရုပ်သိမ်းရန် အမိန့်ထွက်ပေါ်လာခြင်းဖြစ်သည်။ INS Khukri နှင့် INS Sumitra အမည်ရှိ အဆိုပါသင်္ဘောနှစ်စင်းသည်လာမည့်လတွင် ရေတပ်ဖွဲ့နေ့အခမ်းအနား၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ကိုလ်ကတ္တားဆိပ်ကမ်း၌ ဆိုက်ကပ်ထားခဲ့သည်။ သို့သော်လည်း အဆိုပါစစ်သင်္ဘောများသည် အင်္ဂါနေ့တွင် ပင်လယ်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီး DK ရှာမားက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ကိုလ်ကတ္တားမှာ အကြမ်းဖက်တိုက်ခိုက်လာနိုင်တဲ့အကြောင်း အင်္ဂါနေ့မွန်းလွဲပိုင်းက ဖက်စ်တစ်စောင်ရရှိခဲ့ပါတယ်" ဟု အိန္ဒိယကမ်းရိုးတန်းစောင့်တာဝန်ရှိသူ BNမာဟာတိုက ပြောသည်။ **(ဘီဘီစီ)**

## ကာ့ဒ် ၉၃ ဦး အိုင်အက်စ်တို့က ပြန်လွှတ်ပေးခဲ့

**ဒမတ်စကတ် နိုဝင်ဘာ ၅**

အိုင်အက်စ်တို့က ဆီးရီးယားမြောက်ပိုင်း၌ လွန်ခဲ့သော ကိုးလက ၎င်းတို့ ဖမ်းဆီးခဲ့သော ကာ့ဒ် ၉၃ ဦးကို ပြန်လွှတ်ပေးခဲ့သည်။

လွန်ခဲ့သော ဖေဖော်ဝါရီလက ဆီးရီးယား-တူရကီနယ်စပ် ကိုဘာနီမြို့မှ ကာ့ဒ်ဒေသသို့ သွားရာလမ်း ပေါ်တွင် ကာ့ဒ်လူမျိုးများစွာ ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်ကြောင်း ဆီးရီးယားနိုင်ငံဆိုင်ရာ လူ့အခွင့် အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောခဲ့သည်။

အိုင်အက်စ်တို့က ပြန်ပေးဆွဲထားသော ကာ့ဒ်တို့ကို ကာ့ဒ်ဒီမိုကရက်တစ်ပါတီ အမာခံဒေသအနီး၌ ထိန်းသိမ်းထားခဲ့ကြောင်း၊ ပြီးခဲ့သည့် တနင်္လာနေ့ကလည်း တူရကီနယ်စပ်၌ ၅၃ ဦးကျော် ပြန်လွှတ်ပေးခဲ့ပြီး ကျန်ရှိသော ၄၀ကျော်ကို မည်သည့်နေရာ၌ ထိန်းသိမ်း ထားသည်ကို မသိရသေးကြောင်း ၎င်းအဖွဲ့က ထပ်လောင်းပြောကြားခဲ့သည်။

ထို့အပြင် မကြာသေးမီကလည်း ကာ့ဒ်ကျောင်းသား ၂၅ ဦးကို ပြန်လွှတ်ပေးခဲ့သည်။ ကာ့ဒ်တိုက်ခိုက်ရေးသမားများနှင့် အိုင်အက်စ်အဖွဲ့ဝင်များသည် ကိုဘာနီမြို့၌ တိုက်ခိုက်မှုများ ဖြစ်ပွားနေခဲ့ရာ အိုင်အက်စ်တို့က မည်သည့် အကြောင်းကြောင့် ပြန်ပေးဆွဲထားသူများကို ပြန်လွှတ်ပေးခဲ့သည်ကို တိတိကျကျမသိရပေ။ **(ဆင်ဟွာ)**

## ပြင်သစ်နှင့် ဆော်ဒီအာရေဗျတို့ လက်ဘနွန်စစ်လက်နက်ဆိုင်ရာ သဘာတူညီမှု လက်မှတ်ရေးထိုး

**လက်ဘနွန် နိုဝင်ဘာ ၅**

ပြင်သစ်နှင့်ဆော်ဒီအာရေဗျတို့သည် လက်ဘနွန်တပ်မတော်ကို ပြင်သစ်စစ်လက်နက်များ ကူညီထောက်ပံ့ပေးရန် အမေရိကန်ဒေါ်လာသုံးသန်းတန် စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

အင်္ဂါနေ့က ဆော်ဒီအာရေဗျနိုင်ငံ၏မြို့တော် ရီယာဒ့်တွင် ပြင်သစ်၊ လက်ဘနွန်နှင့် ဆော်ဒီအာရေဗျနိုင်ငံခေါင်းဆောင်များ ရှေ့တွင် အဆိုပါ သဘောတူညီမှုကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ ငွေကြေးအထောက်အပံ့ဖြင့် လက်မှတ်ရေးထိုးခဲ့သော အဆိုပါသဘောတူညီမှုသည် လက်ဘနွန်တပ်မတော်ကို အင်အားဖြည့်တင်းရာရောက်လိမ့်မည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ဘနွန်နိုင်ငံ၏ စည်းလုံးညီညွတ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုလည်း ဖော်ဆောင်ပေးလိမ့်မည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရန့်ဖက်ဘီယက်စ်က ကြေညာချက်တစ်ခုတွင် ပြောခဲ့သည်။

အဆိုပါ သဘာတူညီမှုသည် တပ်မတော်၏မျှော်မှန်းချက်ဖြစ်သော အချုပ်အခြာအာဏာပိုင်မြေကို ခုခံကာကွယ်ရန်နှင့် အကြမ်းဖက်သောင်းကျန်းသူများကို နှိမ်နင်းတိုက်ခိုက်ရန်ဖြစ်ကြောင်း ဖယ်ဘီးယက်စ်က ပြောခဲ့သည်။

၎င်းသဘောတူညီမှုတွင် ကြည်း၊ ရေ၊ လေတပ်မတော်ဆိုင်ရာ ဆက်စပ်ပစ္စည်းများလည်း ပါဝင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၈ ရက်က ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဂျင်ဗက်လီဒရိန်းက ပြောခဲ့သည်။



၂၀၁၃ ခုနှစ် ဒီဇင်ဘာက ဆော်ဒီအာရေဗျအစိုးရသည် ပြင်သစ်နိုင်ငံမှ စစ်လက်နက်များဝယ်ယူရန် လက်ဘနွန်အစိုးရကို အမေရိကန်ဒေါ်လာသုံးဘီလီယံကူညီပေးမည်ဟု ကတိပြုခဲ့သည်။

လက်ဘနွန်မြို့တော် ဘေရွတ်ရှိ အီရန်သံရုံးအပြင်ဘက်တွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာက ဗုံးဖောက်ခွဲခဲ့သည်ဟု ယုံကြည်ရသူ အဗ္ဗဒူလာအစ်ဇန်တပ်မဟာမှ ဆော်ဒီအကြမ်းဖက်ခေါင်းဆောင် မက်ဂျစ်အယ်လ်မက်ဂျစ်ကို ဖမ်းဆီးနိုင်ခဲ့ပြီးနောက် ဆော်ဒီဘုရင် အဗ္ဗဒူလာက ဤထောက်ပံ့ငွေကို ပေးခဲ့ခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

## နယူးဇီလန်က အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ကြောင်း ပြောကြား

**ဆစ်ဒနီ နိုဝင်ဘာ ၅**

နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကေးက အိုင်အက်စ်စစ်သွေးကြွများတိုက်ခိုက်ရေးအတွက် အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ကြောင်း ဗုဒ္ဓဟူးနေ့တွင် ကြေညာလိုက်ပြီး နယူးဇီလန်တပ်မတော်သည် အီရတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးရေးအတွက် သြစတြေးလျနိုင်ငံနှင့် လက်တွဲလုပ်ဆောင်ဖွယ်ရှိသည်ဟု ပြောကြားသည်။

မိမိတို့တပ်မတော်သည် အီရတ်တပ်ဖွဲ့ဝင်များကို အထောက်အကူပေးနိုင်စွမ်းရှိသော်လည်း တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်ရန်အတွက် တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ကြောင်းကို ယနေ့ကြေညာပါကြောင်း ဂျွန်ကေးက ပြောကြားသည်။

နယူးဇီလန်သည် အီရတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးရေးနှင့်ပတ်သက်၍ ယင်းနိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်ခဲ့ပြီးဖြစ်သော သြစတြေးလျနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်ဟု ဂျွန်ကေးက ပြောကြားသည်။

နယူးဇီလန်အစိုးရသည် နိုင်ငံအတွင်း၌ အိုင်အက်စ်စစ်သွေးကြွများနှင့် အဆက်အသွယ်ရှိသူ အယောက် ၈၀ ခန့်ရှိမည်ဟု ခန့်မှန်းပြီး ၎င်းတို့အနက် ၃၀-၄၀ကို အနီးကပ်စောင့်ကြည့်သည်ဟုသိရသည်။

အစိုးရစောင့်ကြည့်ရေးစာရင်းတွင် တိုက်ပွဲဝင်ရန်အတွက် ဆီးရီးယားနိုင်ငံသို့ သွားရောက်သူများနှင့် ယင်းနိုင်ငံ၌ ဆက်လက်နေထိုင်ဆဲပုဂ္ဂိုလ်များ၊ ဆီးရီးယား နိုင်ငံသို့ သွားရောက်ရန် ကြိုးပမ်းသော်လည်း ဗီဇာငြင်းပယ်ခြင်းခံရသည့် ပုဂ္ဂိုလ်များ ပါဝင်သည်ဟု သိရသည်။ **ကျိုဒိုနယူးစ်**

## ရုရှားက ရေငုပ်သင်္ဘောမှတိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်ခတ်

**မော်စကို နိုဝင်ဘာ ၅**

ရုရှားနိုင်ငံသည် ရေတပ်၏ စွမ်းရည်ကို စမ်းသပ်မှုတစ်ရပ်အနေဖြင့် နိုဝင်ဘာ ၅ ရက်တွင် ဘာရန့်စ်ပင်လယ်ရှိ ရေငုပ်သင်္ဘောတစ်စင်းပေါ်မှ ဆီနီဗာတိုက်ချင်းပစ် ဒုံးကျည်တစ်စင်းကို စမ်းစပ်ပစ်ခတ်ခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

နျူကလီးယားထိပ်ဖူးများ သယ်ဆောင်ပေးနိုင်သော လောင်စာဆီသုံးဒုံးကျည်ကို ကျူလာရေငုပ်သင်္ဘောပေါ်မှ ဝေးလံခေါင်ဖျားသော ကမ်ချက်တာဒေသရှိ ကူရာစမ်းသပ်ပစ်ကွင်းဆီသို့ ပစ်ခတ်ခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကားလျက် အာရ်အိုင်အေသတင်းအေဂျင်စီက ဖော်ပြသည်။

ကီလိုမီတာ ၁၂၀၀၀ ခန့် (မိုင် ၇၅၀၀) အကွာအဝေးအထိ သွားနိုင်သော အဆိုပါ ဆီနီဗာဒုံးကျည်ကို ၂၀၀၇ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည်။ ယင်းဒုံးကျည်သည် ရုရှားနိုင်ငံ၏ နျူကလီးယားဟန့်တားရေးကို အထောက်အကူပြုသည်။ **ရိုက်တာ**

## အမျိုးသမီးတစ်ဦး ၎င်း၏ကလေးများကို ကိုယ်တိုင်သတ်မှုဖြင့် တရားစွဲခံရ

**ဟယ်ဘင်ကီ နိုဝင်ဘာ ၅**

လွန်ခဲ့သောဇွန်လက ဖင်လန်နိုင်ငံ အူယူမြို့တွင် အမျိုးသမီးတစ်ဦးသည် ၎င်း၏ လသားအရွယ်ကလေးငါးဦးကို သတ်မှုဖြင့် တရားရင်ဆိုင်နေရကြောင်း နိုင်ငံပိုင်သတင်းဌာနက အင်္ဂါနေ့၌ ပြောခဲ့သည်။

သေဆုံးခဲ့သော ကလေးငါးဦးကို အူဘူမြို့ တိုက်ခန်းတစ်ခု၏ မြေအောက်ခန်းတွင် တွေ့ရှိခဲ့ပြီး အသက် ၃၅ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးကို အဆိုပါကလေးများ သေဆုံးမှုတွင် သံသယရှိသူအဖြစ် သတ်မှတ်၍ ယခုနှစ်ဇွန်လအစောပိုင်းတွင် ဖမ်းဆီးခဲ့သည်။

အဆိုပါ သံသယဖြစ်ဖွယ် အမျိုးသမီးက ဤကလေးများသည် လွန်ခဲ့သော ဆယ်နှစ်ကျော်က အိမ်၌ အသေမွေးခဲ့သော ကလေးများဖြစ်ကြောင်း၊ ကလေးများကို ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်းမဟုတ်ကြောင်း ရဲတပ်ဖွဲ့သို့ ပြောကြားခဲ့သည်။

ကနဦးစစ်ဆေးမှုများကို ငါးလအကြာပြုလုပ်ပြီးနောက် အဆိုပါ သံသယဖြစ်ဖွယ် အမျိုးသမီးသည် ကလေးအားလုံး၏ မိခင်ဖြစ်ကြောင်း၊ သို့သော်ကလေးများ၏ ဖခင်မှာ မည်သူမည်ဝါဖြစ်သည်ကို မသိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ သေဆုံးခဲ့သော ကလေးများသည် ယောကျာ်းလေးများနှင့် မိန်းကလေးများဖြစ်မည်ဟု ရဲတပ်ဖွဲ့က ဆုံးဖြတ်ခဲ့သည်။

ရဲတပ်ဖွဲ့က အဆိုပါ အမျိုးသမီးကို လူသတ်မှုငါးခုနှင့် တရားစွဲထားသည်။ **(ဆင်ဟွာ)**

ပြည်တွင်းသတင်း

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက Eleven Media Group အပေါ် တရားစွဲဆိုထားသည့်အမှုကို တတိယအကြိမ်မြောက် ရုံးချိန်းခေါ်ယူ



ဒေါက်တာသန်းထွဋ်အောင်နှင့်အဖွဲ့ တရားရုံးမှ ပြန်ထွက်လာစဉ်။

**နေပြည်တော် နိုဝင်ဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးကတရားလိုပြုလုပ်၍ အသရေဖျက်မှုဖြင့် Eleven Media Group အပေါ် နေပြည်တော်ပုဗ္ဗသီရိမြို့နယ် တရားရုံးတွင် တရားစွဲဆိုထားရာ ပြစ်မှုကြီးအမှုအမှတ် ၆၉၄/၂၀၁၄ ဖြင့် လက်ခံစစ်ဆေးလျက်ရှိရာ တတိယအကြိမ်မြောက်ရုံးချိန်းကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ပုဗ္ဗသီရိမြို့နယ် တရားသူကြီး ဦးခင်ဝင်းက အမှုစစ်ဆေးရန် အမှု ခေါ်ဆောင်ရွက်ခဲ့သည်။

အဆိုပါရုံးရှေ့သို့ တရားလို ဦးကျော်စိုးနှင့် အစွပ်စွဲခံရသူများဖြစ်ကြသည့် ဒေါက်တာ သန်းထွဋ်အောင်၊ ဒေါက်တာ သိန်းမြင့်၊ ဦးဝေဖြိုး၊ ဦးနေထွန်းနိုင်တို့ ရုံးရှေ့လာရောက်ကြပြီး တရားလိုဥပဒေအကျိုးဆောင်အဖြစ် မြို့နယ်ဥပဒေအရာရှိ ဦးကိုကိုမောင်က လိုက်ပါဆောင်ရွက်သည်။

အစွပ်စွဲခံရသူတစ်ဦးဖြစ်သည့် ဦးမြတ်သစ်နှင့် အစွပ်စွဲခံရသူများ၏ ဥပဒေအကျိုးဆောင် ဦးခင်မောင်ညိုတို့မှာ ခွင့်တင်ခဲ့သဖြင့် ရုံးရှေ့သို့ လာရောက်နိုင်ခြင်းမရှိသောကြောင့် အမှုကို စတင်စစ်ဆေးနိုင်ခြင်းမရှိခဲ့ပါ။

အစွပ်စွဲခံရသူ ငါးဦးလုံး ရုံးရှေ့လာရောက်ရန်နှင့် တရားလိုအား အမှုစတင် စစ်ဆေးဆောင်ရွက်နိုင်ရန် စတုတ္ထမြောက်ရုံးချိန်းကို နိုဝင်ဘာ ၁၉ ရက်သို့ ချိန်းဆိုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ❐ ကျောဖုံးမှ

နိုဝင်ဘာ ၄ ရက်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့သည် ကျိုက်မရောမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး ရွှေဟင်္သာခန်းမ၌ မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့(နိုင်ရှောင်)အဖွဲ့ဝင်အချို့ ရှင်စောပုရပ်ကွက် ပြည်သူ့ စစ်ခေါင်းဆောင်၊ ကလိုင်းကနိုင် အုပ်ချုပ်ရေးမှူး၊ ကတုံစီကျေးရွာအုပ်စုမှတာဝန်ရှိသူများ၊ သေဆုံးသူ ပါကြီး(ခ) အောင်နိုင်နှင့်ပတ်သက်ဆက်စပ်သူများကို ဆက်လက်စုံစမ်းမေးမြန်းခဲ့သည်။

အဆိုပါအဖွဲ့သည် တာဝန်ရှိသူများနှင့် သေဆုံးသူ ပါကြီး(ခ) အောင်နိုင်၏ဇနီးဟောင်း ဒေါ်သန္တာလိုက်ပါလျက် နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီခန့်တွင် ကျိုက်မရောမြို့မှ ထွက်ခွာခဲ့ရာ ၁၁ နာရီ မိနစ် ၂၀ တွင် တိုက်ပွဲစတင်ဖြစ်ပွားသည့် ရွှေဝါချောင်ဘုန်းကြီးကျောင်းနှင့် တိုက်ပွဲ ဆက်လက်ဖြစ်ပွားသည့်နေရာများသို့ ရောက်ရှိစစ်ဆေးပြီးနောက် အလောင်းမြှုပ်နှံထားရာနေရာသို့ ရောက်ရှိသည်။

ထို့နောက် အလောင်းတူးဖော်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရာ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင်တူးဖော်ပြီးစီးခဲ့ပြီး အလောင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးနိုင်ရေး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ ညနေ ၅ နာရီတွင် ရောက်ရှိ၍ သေမှုသေခင်းဆိုင်ရာများ ဆက်လက်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ခရီးသည်တင်ယာဉ်အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်ဝင်တိုက် ရေအိုင်ထဲသို့တိမ်းမှောက်ခဲ့သဖြင့် တစ်ဦးသေဆုံး၊ ၂၂ ဦးဒဏ်ရာရ

**မော်ဘီ နိုဝင်ဘာ ၅**

မော်ဘီမြို့နယ်တွင် နိုဝင်ဘာ ၄ ရက် ည ၈နာရီက အမှတ် (၄) လမ်းမကြီးအတိုင်း မော်ဘီဘက်မှ လှော်ကားဘက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသော 8A... Beijing အပြာရောင်ခရီးသည်တင်အငှားယာဉ်သည် သာယာကုန်းစံပြကျေးရွာ မိုင်တိုင်အမှတ် (၇/၃) အနီးအရောက် အရှိန်မထိန်းနိုင်ဘဲ ယာဘက်လမ်းဘေးရှိ သစ်ပင်ကို ဝင်ရောက်တိုက်မိပြီး ရေအိုင်ထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့ကာ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်ပျက်စီးသွားခဲ့သည့်အပြင် ယာဉ်ပေါ်ပါ ခရီးသည်အသက် (၃၀ နှစ်) ခန့်ရှိ အမျိုးသားတစ်ဦး(စုံစမ်းဆဲ)မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ကျန်ခရီးသည် အမျိုးသားသုံးဦးနှင့် အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၂၂ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့ကြသဖြင့် မော်ဘီဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရသောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း(စုံစမ်းဆဲ)ကို မော်ဘီမြို့မရဲစခန်းက အမှုဖွင့်ကာ ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်လှမောင်**

# စိတ်ကြွရူးသွပ်ဆေးပြား ၂၄၈ ပြား ဖမ်းဆီးရမိ


**မောင်အုံးနှင့် မောင်ခိုင်တို့နှစ်ဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၅**

နိုဝင်ဘာ ၁ ရက်က မူးယစ်တပ်ဖွဲ့စု (၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ရွှေညောင်မြို့နယ် ပန်းတောကျေးရွာနေ မောင်အုံး၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ မောင်ခိုင်ကိုတွေ့ရှိရပြီး မောင်အုံး၏ အိပ်ရာခေါင်းအုံးအောက်မှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၈ပြား၊ မောင်ခိုင်ဝတ်ဆင်ထားသော အနွေးအင်္ကျီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၊ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၂၄၈ ပြားနှင့် မြန်မာငွေ ကျပ်နှစ်သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် မောင်အုံး (၄၄ နှစ်)နှင့် မောင်ခိုင်(၃၅ နှစ်)တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်သည်ဟုထင်ရသောနေရာများ လုံခြုံရေးချထား

**ပုသိမ် နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာ မြဝတီရပ်ကွက် ရန်ကုန်-ပုသိမ် ကားလမ်း မိုင်တိုင်အမှတ် (၂၂/၁) နှင့် (၂၂/၂) အကြား ဦးကျော်မြင့်၏နေအိမ်အရှေ့ ပေ ၅၀ ခန့်အကွာ ကားလမ်းမနှင့် ပေ ၃၀ ခန့်အကွာနေရာ၌ နိုဝင်ဘာ ၄ ရက် ညနေ ၄ နာရီ မိနစ် ၂၀ က မိုးရွာပြီး ရေအိုင်နေသောနေရာအောက်မှ လေတွန်းကန်မှုကြောင့် ရေပွက်များထနေရာ အဆိုပါနေရာသည် ညောင်တုန်းမြို့မှ သာပေါင်းမြို့ ပျော့ဖတ်စက်ရုံသို့ပေးပို့သော ဓာတ်ငွေ့ပိုက်လိုင်းနှင့် နီးကပ်နေသဖြင့် ဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့များ ယိုစိမ့်သည်ဟုယူဆရသောကြောင့် ကန်ကြီးထောင့်မြို့နယ် ထွေ/အုပ် ဦးစီးဌာန မီးသတ်တပ်ဖွဲ့ ကျွန်းလျားရှည် ဓာတ်မြေဩဇာစက်ရုံသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

အဆိုပါနေရာသို့ ကန်ကြီးထောင့်မြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်ဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ ဒုတိယဦးစီးမှူး ဦးကိုကိုနိုင်ပါ ငါးဦး၊ မီးသတ်ယာဉ် တစ်စီး၊ ဒါးကကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များရောက်ရှိလာပြီး အခင်းဖြစ်ပွားသည့်နေရာနှင့်ပေ ၇၀ ပတ်လည်တွင် ကား၊ ဆိုင်ကယ်၊ ပြည်သူများသွားလာခြင်းမပြုရန် တားမြစ်ထားပြီး စောင့်ကြည့်လျက်ရှိသည်။

ယင်းနေရာသို့ ညောင်တုန်းမြို့ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အင်ဂျင်နီယာမှူးဦးလှမြင့်နှင့် အလုပ်သမား ၁၀ ဦးပါဝင်သော အဖွဲ့ရောက်ရှိလာပြီး ဂက်စ်ပိုက်လိုင်းပေါက်ခြင်းကို ပြုပြင်မှုပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (iprd)**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး




**ဟေမာန်နိုင်ဝင်း**

### အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးအစ

အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံအကြား ကဏ္ဍအလိုက် ဆက်သွယ်မှုသည် ၁၉၈၉ ခုနှစ်တွင်စတင်ခဲ့ပြီး ၁၉၉၁ ခုနှစ်မှစ၍ ကိုရီးယားသမ္မတနိုင်ငံသည် အာဆီယံနိုင်ငံများ၏ ဆွေးနွေးဖက်နိုင်ငံဖြစ်လာခဲ့သည်။ အာဆီယံဒေသတွင်း ဖိုရမ်(ARF)၊ အာဆီယံအပေါင်းသုံး(တရုတ်၊ ဂျပန်၊ ကိုရီးယား)၊ အရှေ့အာရှထိပ်သီးအစည်းအဝေး၊ အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေးနှင့် ဝန်ကြီးအဆင့် ဆွေးနွေးပွဲများတွင် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအား ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

### အာဆီယံနှင့် ကိုရီးယားစီးပွားဆက်ဆံရေး

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးကို အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သည့် ၉ ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး၌ အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသကို ဖော်ဆောင်ခဲ့ပါသည်။

ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ်၏ ကုန်စည် ကုန်သွယ်ရေးသဘောတူစာချုပ်ကို မလေးရှားနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဩဂုတ်လ၌ ကျင်းပခဲ့သည့် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး၌ ထိုင်းနိုင်ငံမှအပ အာဆီယံ ၉ နိုင်ငံနှင့် ကိုရီးယားစီးပွားရေးဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့ကြပြီး ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သော (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ထိုင်းနိုင်ငံမှပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့ပြင် အာဆီယံ-ကိုရီးယား ဝန်ဆောင်မှုကုန်သွယ်ရေး သဘောတူစာချုပ်ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် စင်ကာပူနိုင်ငံ၌ လက်မှတ်ရေးထိုးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ၂၀၀၉ ခုနှစ် ဇွန်လ ၂ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးကျွန်း၌ ကျင်းပခဲ့သည့် အာဆီယံ-ကိုရီးယား(၂၀)ကြိမ်မြောက် အထိမ်းအမှတ် အစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၁ ဘီလီယံမှ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၅ ဘီလီယံအထိ မြင့်တက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် အာဆီယံနိုင်ငံများသို့ ကိုရီးယားသမ္မတနိုင်ငံမှ တင်သွင်းသည့် သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၂ ဘီလီယံရှိပြီး အာဆီယံနိုင်ငံများမှ ကိုရီးယားသမ္မတနိုင်ငံသို့ တင်ပို့သည့် ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၈ ဘီလီယံရှိပါသည်။ အာဆီယံနိုင်ငံများတွင် ကိုရီးယားသမ္မတနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံမှ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံအထိ နှစ်ဆမြင့်တက်ခဲ့ပြီး **ကိုရီးယားသမ္မတနိုင်ငံသည် အာဆီယံနိုင်ငံများ၏ ပဉ္စမမြောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံ** ဖြစ်ပါသည်။

ကိုရီးယားသမ္မတနိုင်ငံသည် စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့နှင့် အများဆုံး ကုန်သွယ်လျက်ရှိပါသည်။ ကိုရီးယားသမ္မတနိုင်ငံမှ အာဆီယံနိုင်ငံများသို့ အများဆုံးတင်ပို့သော ပို့ကုန်ပစ္စည်းများမှာ နည်းပညာဆိုင်ရာ ပစ္စည်းများ၊ စတီးပစ္စည်းများနှင့် ဓာတုဗေဒပစ္စည်းများဖြစ်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံသို့ အာဆီယံနိုင်ငံများမှ တင်သွင်းသော သွင်းကုန်များမှာ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးနှင့် ရေနံထွက်ပစ္စည်းများ ဖြစ်ပါသည်။

အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံအကြား ဝန်ဆောင်မှုကုန်သွယ်ရေး လုပ်ငန်းများအနေဖြင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှု၊ ကွန်ပျူတာနှင့် ဆက်စပ်သော ဝန်ဆောင်မှု၊ သတင်းအချက်အလက်ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ ပညာရေးဝန်ဆောင်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဘဏ္ဍာရေး၊ ခရီးသွားလာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

### အာဆီယံ-ကိုရီးယားပူးပေါင်း ဆောင်ရွက်လျက်ရှိသော စီမံချက်များ

အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံချက်များအတွက် **အာဆီယံ-ကိုရီးယားပူးပေါင်း ဆောင်ရွက်ရေးရန်ပုံငွေအဖွဲ့** သို့ ကိုရီးယားသမ္မတနိုင်ငံအစိုးရမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၅ သန်း ထည့်ဝင်လျက်ရှိပြီး ၂၀၁၂ ခုနှစ်ကုန်အထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၇ သန်း ထည့်ဝင်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေအဖွဲ့အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာဖလှယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပြည်သူများအကြား အသိပညာနှင့်ယဉ်ကျေးမှုဖလှယ်ရေးအစရှိသော စီမံချက်များနှင့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

### အာဆီယံ-ကိုရီးယားအနာဂတ်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းနှင့်ရည်မှန်းချက်

အာဆီယံ-ကိုရီးယားလွတ်လပ်သောကုန်သွယ်မှုဒေသ၏ ရည်မှန်းချက်များဖြစ်သော ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမို ခိုင်မာစေရေး၊ ကုန်စည်ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုကုန်သွယ်ရေးမြှင့်တင်မှုနှင့် ဖြေလျှော့မှုများ၊ ပွင့်လင်းမြင်သာမှုရှိပြီး လွယ်ကူချောမွေ့သော ရင်းနှီးမြှုပ်နှံမှု ဖော်ဆောင်မှုများမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဒေသနှစ်ခုအကြား ကုန်သွယ်မှုပမာဏကို ၁၅၀ ဘီလီယံအထိ ရောက်ရှိရန် မျှော်မှန်းထားပါသည်။

## ဆိုင်ကယ်မတော်တဆမှုများ လျော့နည်းကျဆင်းရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၅**

နေပြည်တော်ကောင်စီနယ်မြေအတွင်းဖြစ်ပွားသော ယာဉ်မတော်တဆမှုများအနက် ဖြစ်ပွားမှု အများဆုံးမှာ မော်တော်ဆိုင်ကယ်တိမ်းမှောက်မှုနှင့် တိုက်မိမှုများဖြစ်ရာ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ဆိုင်ကယ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် ရှစ်မြို့နယ်တွင် အောက်တိုဘာ ၂၄ ရက်မှ စတင်၍ မြို့နယ်တစ်မြို့နယ်စီရှိ ယာဉ်တိုက်မှု ဖြစ်ပွားနိုင်သော လေးနေရာစီကို ရွေးချယ်၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများက ဦးဆောင်ကာ ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့၊ ယာဉ်စည်းကမ်းကြီးကြပ်ရေးအဖွဲ့၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများပါဝင်၍ နေ့စဉ်စစ်ဆေးမှုများ နေ့ညမပြတ် နေရာရွှေ့ပြောင်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ယင်းသို့ ဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ်များ မြို့တွင်းမြို့ပြင် လမ်းပြောင်းပြန် စီးနင်းမှု၊ နှစ်ဦးထက်ပို စီးနင်းမှု၊ ညအချိန်စီးသည့်အခါ ရှေ့မီးနောက်မီးမလင်းမှု၊ မော်တော်ဆိုင်ကယ်စီး ဦးထုပ်မဆောင်းမှု၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် စသည်တို့ကို မြို့နယ်အလိုက်စစ်ဆေး၍ စည်းကမ်းလိုက်နာမှုမရှိသော ဆိုင်ကယ်စီးသူများကို မြို့နယ်အလိုက် အရေးယူလျက်ရှိသည်။

သို့ရာတွင် ယာဉ်မောင်းသူများ၊ မော်တော်ဆိုင်ကယ် စီးနင်းသူများဘက်မှ စည်းကမ်းလိုက်နာမှု အားနည်းနေကြောင်း တွေ့မြင်နေရသည်။ အထူးသဖြင့် ဆိုင်ကယ်စီးသူများမှာ တာဝန်ရှိသူများ စစ်ဆေးနေချိန်အတွင်းသာ လိုက်နာမှုရှိပြီး စစ်ဆေးပြီးချိန် နောက်ပိုင်းတွင် စည်းကမ်းမဲ့စွာ သွားလာစီးနင်းနေကြကြောင်း၊ စစ်ဆေးရေးအဖွဲ့က ရာဇဌာနီလမ်း (ပျဉ်းမနားဘက်ခြမ်း)တွင် စစ်ဆေးနေချိန်တွင် အဆိုပါလမ်း၏ တစ်ဖက်ယာဉ်ကြော (ပုဗ္ဗသီရိဘက်ခြမ်း)တွင် ဆိုင်ကယ်စီးဦးထုပ်မပါမှု၊ နှစ်ယောက်အထက်စီးနင်းမှု၊ အသံကျယ်အိတ်ဇောများတပ်ဆင်၍ အပြိုင်စီးနင်းမှုတို့ကို ညစဉ်တွေ့ရှိနေရကြောင်း အဆိုပါလမ်းမကြီး အနီးတစ်ဝိုက်နေသူများက ပြောကြားသည်။

တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက်နေ ပြည်သူတစ်ဦးက "ကျွန်တော်ကတော့ အခုလို စစ်ဆေးမှုတွေလုပ်နေတာ သဘောကျတယ်။ ပြည်သူတွေအနေနဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရမယ်၊ တာဝန်ရှိသူတွေဘက်ကလည်း ကြပ်ကြပ်မတ်မတ် စစ်ဆေးအရေးယူဖို့လိုပါတယ်၊ ဒါမှသာ ယာဉ်တိုက်မှုတွေ၊ ထိခိုက်သေဆုံးမှုတွေ လျော့နည်းလာမယ်လို့ထင်ပါတယ်"ဟု ဆိုသည်။

သက်ဆိုင်ရာက ဆိုင်ကယ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်များ စစ်ဆေးလာခြင်းကြောင့် နေပြည်တော်တွင် ဆိုင်ကယ်အရောင်းအဝယ်အေးသွားပြီး က. ည. နတွင် ယာဉ်လိုင်စင်သက်တမ်းတိုးမှုများ ပုံမှန်ထက် ပိုမိုများပြားလာသည်ဟု သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်အန္တရာယ် ကင်းရှင်းကျဆင်းစေရေး မြို့နယ်အလိုက် စစ်ဆေး ဆောင်ရွက်မှုများအား နေပြည်တော်ကောင်စီဝင်များ၊ ခရိုင်နှစ်ခုမှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများက နေ့စဉ်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**



**နိုင်ငံကြီးသားပီသစွာ**
**အခွန်ဆောင်တာပြည့်အကျိုးပါ**



## စပါးစံကွက်များ ကြည့်ရှုစစ်ဆေး၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေး

**ရွှေကူ နိုဝင်ဘာ ၅**

ကချင်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးဘိထောဇောင်းနှင့်အဖွဲ့သည် အောက်တိုဘာနောက်ဆုံးပတ်က ရွှေကူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြေစာရင်းဦးစီးမှူး ဦးခင်မော်ကျော်(ရွှေကူမြို့နယ်)၊ မြို့နယ်ဦးစီးမှူး ဦးလှိုင်မင်းဦး(စိုက်ပျိုးရေးဦးစီးဌာန)၊ မြို့နယ်ရဲမှူးကြီး ဦးအေးမောင်တို့နှင့်အတူ စီမူကြီးကျေးရွာအုပ်စု နမ့်လန်ကျေးရွာရှိ ဥဘဲယွက် GAP ၃ စံပြကွက် ၁၀ ဧကနှင့် ဗီယက်နမ်စပါးမျိုး GAP စံပြကွက်များသို့ သွားရောက်၍ စစ်ဆေးခဲ့သည်။ ဆက်လက်ပြီး ပေါင်းနက်ချောင်းဆည်သို့ သွားရောက်စစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့သည်။ ထို့နောက် ရွှေကူမြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ ပါတီအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဝန်ကြီးက ငါးဘတ်ကြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းထံသို့ လယ်ယာမြေ လုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ပေးအပ်ခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

ဥပဒေနှင့် ပြည်တွင်းသတင်း

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို**
**ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(၂၀၁၄ ခုနှစ်၊**
**ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၆။)**
**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်**
**(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ၁၆၊ ပုဒ်မခွဲ(ခ)ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(ခ) ပုဒ်မခွဲ(က)အရ တင်သွင်းသည့် တင်သွင်းလွှာတွင်အဆုံးအဖြတ်ပေးစေလိုသည့်အချက်မှာ အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ် သဘောထားရယူရန်ဖြစ်သည်ကိုရှင်းလင်းစွာဖော်ပြရမည်။"

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၇ ၏နောက်တွင် ပုဒ်မ ၁၇-က နှင့် ပုဒ်မ ၁၇-ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၇-က။ (၁) ပုဒ်မ ၁၃ နှင့် ၁၄ ပါ ပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသောဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှာဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိစိစစ်၍ သဘောထားရယူရန် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် စိစစ်ပြန်ကြားစေလိုသောအချက်ကိုဖော်ပြ၍ ခုံရုံးသို့ တင်သွင်းစိစစ်စေနိုင်သည်။

(၂) တင်သွင်းလွှာတွင် ကိုးကားသည့် အထောက်အထား၊ စာရွက်စာတမ်းများပြည့်စုံစွာပူးတွဲပါရှိစေရမည်။

(၃) ခုံရုံးသည်ပုဒ်မခွဲ(၁)အရ တင်သွင်းလာသောကိစ္စရပ်ကိုစိစစ်ရာတွင်လိုအပ်ပါက သက်ဆိုင်ရာ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏မှတ်တမ်းများ၊ ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာလွှတ်တော်များတွင် ဆွေးနွေးခဲ့သော ဆွေးနွေးချက်များပါဝင်သည့်လွှတ်တော်မှတ်တမ်းများကို ပြည်ထောင်စု လွှတ်တော်နာယက၊ သက်ဆိုင်ရာ လွှတ် တော်ဥက္ကဋ္ဌများမှတစ်ဆင့် တောင်းခံ ကြည့်ရှုနိုင်သည်။

၁၇-ခ။ (၁) ပုဒ်မ ၁၃ နှင့် ၁၄ ပါပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ဆောင်ရွက်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိစိစစ်၍ သဘောထားရယူရန် လိုအပ်သည်ဟုထင်မြင်ယူဆလျှင် စိစစ်ပြန်ကြားစေလိုသောအချက်ကိုဖော်ပြ၍ ခုံရုံးသို့ တင်သွင်းစိစစ်စေနိုင်သည်။

(၂) ခုံရုံးသည် ပုဒ်မခွဲ(၁) အရ တင်သွင်းလွှာကိုလက်ခံရရှိသည့်အခါ သက်ဆိုင်ရာ အာဏာပိုင်အားယင်း၏ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍စာဖြင့် ရှင်းလင်းတင်ပြခွင့်ပေးရမည်။"

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေအခန်း(၅)၏ ခေါင်းစဉ်ကို အောက်ပါအတိုင်းအစားထိုးရမည်-

"တင်သွင်းလွှာကို စိစစ်ခြင်း၊ ကြားနာခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်း"

၅။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၈ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၈ ။ ဥက္ကဋ္ဌသည် ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၇-က သို့မဟုတ် ပုဒ်မ၁၇-ခအရတင်သွင်းသော တင်သွင်းလွှာ ပြည့်စုံမှု ရှိ မရှိ စိစစ်တင်ပြရန် နိုင်ငံတော်သမ္မတက ရွေးချယ်သည့်အဖွဲ့ဝင်များအနက်မှတစ်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သည့်အဖွဲ့ဝင်များအနက်မှတစ်ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သည့် အဖွဲ့ဝင်များအနက်မှ တစ်ဦးတို့ ပါဝင်သော တင်သွင်းလွှာ စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။"

၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၉ ၌ ပါရှိသော "စိစစ်ရေးအဖွဲ့သည်တင်ပြချက်များနှင့်စပ်လျဉ်း၍" ဆိုသည့် စကားရပ်အစား "တင်သွင်းလွှာ စိစစ်ရေးအဖွဲ့သည် တင်သွင်းလွှာနှင့်စပ်လျဉ်း၍" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (က)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(က) ပုဒ်မ ၁၂ပါလုပ်ငန်းတာဝန်များအနက်မည်သည့်အချက်ကိုတင်သွင်းကြောင်းခွဲခြားစိစစ်ရမည်။ စပ်ဆိုင်သောအချက်အလက်များနှင့် ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းများရှင်းလင်းပြည့်စုံစွာပူးတွဲပါရှိခြင်းရှိမရှိစိစစ်ရမည်။ ယင်းသို့စိစစ်ရာတွင် ပြည့်စုံမှုမရှိကြောင်းတွေ့ရှိပါကလိုအပ်ချက်များကိုသတ်မှတ်ချိန်အတွင်းတင်ပြစေရမည်။ သတ်မှတ်ချိန်အတွင်း ရှင်းလင်းပြည့်စုံစွာ တင်သွင်းခြင်းမပြုပါက တင်သွင်းလွှာကို ငြင်းပယ်နိုင်သည်။"

၈။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော "ပြန်လည်ရှင်းလင်းရမည့်"ဆိုသည့် စကားရပ်နောက်၌ "သို့မဟုတ် တင်သွင်းလွှာနှင့် အကျိုးသက်ဆိုင်သော" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၉။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၂၀ ၏ ပုဒ်မခွဲ(စ) ကို ပယ်ဖျက်ရမည်။

၁၀။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၂၂ ၏ ခေါင်းစဉ်ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်း"

၁၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၂။ ခုံရုံးသည် -

(က) ကြားနာပြီးနောက် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား၊ဆုံးဖြတ်ချက်ကိုဆောလျင်စွာချမှတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား၊ ဆုံးဖြတ်ချက်ချမှတ်မည့်နေ့ကို ကြိုတင်ကြေညာရမည်။

(ဂ) ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်သဘောထားကိုခုံရုံး၏ထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

(ဃ) ခုံရုံး၏ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင် ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

(င) ပုဒ်မ ၁၂ပုဒ်မခွဲ(က) အရတင်သွင်းလွှာများအတွက် ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အဖြစ်လည်းကောင်း၊ ပုဒ်မ၁၇-က နှင့် ၁၇-ခ အရ တင်သွင်းလွှာများအတွက် သဘောထားအဖြစ်လည်းကောင်း၊ ပုဒ်မ ၁၂ပုဒ်မခွဲ(ဃ)၊ (င)၊ (စ)နှင့် (ဆ)တို့အရ တင်သွင်းလွှာများအတွက် ဆုံးဖြတ်ချက်အဖြစ်လည်းကောင်း ချမှတ်ရာတွင်ခုံရုံးကိုယ်စားဥက္ကဋ္ဌက လက်မှတ်ရေးထိုး၍ ဥက္ကဋ္ဌကဖြစ်စေ၊ ဥက္ကဋ္ဌ၏တာဝန်ပေးချက်အရအဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ အများပြည်သူရှေ့မှောက်တွင် ဖတ်ကြားရမည်။"

၁၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၅၊ ပုဒ်မ ၁၉၊ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၀နှင့် ပုဒ်မ ၂၁ တို့တွင် ပါရှိသော"တင်ပြချက်" ဆိုသည့်စကားရပ်ကို"တင်သွင်းလွှာ"ဆိုသည့်စကားရပ်ဖြင့်အသီးသီးအစားထိုးရမည်။

၁၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၂၄ ကိုအောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။"

၁၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၃၅ တွင်ပါရှိသော"ဆုံးဖြတ်ချက်များ"ဆိုသည့်စကားရပ်၏နောက်၌"အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်သဘောထားများ"ဆိုသည့် စကားရပ်ကိုဖြည့်စွက်ရမည်။

၁၅။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၃၇ ၏ နောက်တွင် ပုဒ်မ ၃၇-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၇-က။ ခုံရုံးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် တရားမကျင့်ထုံး ဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေပါ ပြဋ္ဌာန်းချက်များမှ စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်။"

---



**ရန်ကုန်မြို့လယ်တွင် ခရီးသည်တင်ယာဉ်ကြီးများ၊ ယာဉ်ငယ်များ သတ်မှတ်ယာဉ်ကြောအတိုင်း သွားလာမောင်းနှင်နေမှုကို နိုဝင်ဘာ ၅ ရက်က တွေ့ရစဉ်။**

(ခရီးသည်တင်ယာဉ်များ သတ်မှတ်ယာဉ်ကြောအတိုင်း မောင်းနှင်ခြင်းနှင့် ကိုယ်ပိုင်ယာဉ်များ၊ အငှားယာဉ်များ၊ အနေးယာဉ်များ၊ ခရီးသွားပြည်သူများ၊ ဈေးသည်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာခြင်းဖြင့် ယာဉ်ပိတ်ဆို့မှု၊ ကျပ်တည်းမှုများ လျော့နည်းသွားမည်ဖြစ်ပါသည်။)

**ဇော်မင်းလတ်(သတင်းစဉ်)**

## ခရီးသည်ယာဉ်လိုင်းများ ပိတ်သိမ်းချိန်ထိ စည်းကမ်းကြပ်မတ်မှု တိုးမြှင့်ဆောင်ရွက်မည်

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး အတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများအား စည်းကမ်းကြပ်မတ်မှုများကို ယာဉ်လိုင်းပိတ်သိမ်းချိန်အထိ နိုဝင်ဘာ ၅ ရက်မှစ၍ တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မျဉ်းဝါ(ညာအစွန်ယာဉ်ကြော) အတွင်းကနေ မောင်းနှင်ဖို့နှိုးဆော်မယ်။ မလိုက်နာရင်မှတ်သားမယ်။ ကြပ်မတ်မယ်"ဟု မထသ (ဗဟို) ကော်မတီဥက္ကဋ္ဌ ဦးလှအောင်က ပြောကြားခဲ့သည်။

မထသ ဝန်ထမ်းများအနေဖြင့် ယခင်က စည်းကမ်းထိန်းသိမ်းမှုအပိုင်းတွင် နံနက် ၈ နာရီမှ ၁၁ နာရီအထိ တစ်ဆိုင်းနှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၆နာရီအထိ တစ်ဆိုင်းထားရှိကာ တာဝန်ချထားခဲ့ပြီး ယနေ့မှစတင်၍ ညနေ ၆ နာရီနောက်ပိုင်းတွင် အဆိုပါအဖွဲ့များထဲမှ သီးခြားထုတ်နုတ်ပြီး ယာဉ်လိုင်းပိတ်သိမ်းချိန်အထိ တာဝန်ချထားမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အနေးယာဉ်များ လမ်းဘေးဈေးသည်များ၊ စည်းကမ်းမဲ့ကားရပ်နားထားမှုများ၊ လမ်းဖြတ်ကူးသူများအနေဖြင့် အများပြည်သူ အကျိုးအတွက် မိမိတို့၏ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

အချို့နေရာများတွင် ကားပါကင်များ ရှိနေခြင်းကြောင့် ခရီးသည်တင်ယာဉ်များ သွားလာရာတွင် အခက်အခဲများရှိနေပြီး အဆိုပါအချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရသည်။

ယခုအခါ ရန်ကုန်မြို့တော်အတွင်းအများပြည်သူသွားလာမှု ပိုမိုအဆင်ပြေ ချောမွေ့စေရေးအတွက် မထသ (ဗဟို)နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ယာဉ်ထိန်းရဲတပ်ဖွဲ့စသော ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် မန္တလေးမြို့တို့** အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **ရန်ကုန်မြို့နှင့်** အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာ့ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

ပြည်တွင်းသတင်း

# အလုပ်အကိုင်၊ အခွင့်အလမ်းများကို ရှာဖွေပေးမှသာ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၅**

နည်းပညာ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၅ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန (၅) ပြည်ထောင်စု ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထင်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆွေးနွေးပြောကြားရာတွင် တည်ဆောက်ရေး၊ ကုန်ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများစသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ ကျွမ်းကျင်လုပ်သားလိုအပ်ချက် မြင့်မားတိုးတက်လာပါကြောင်း၊ ပြည်တွင်းပြည်ပတွင် ရရာအလုပ်လုပ်ကိုင်နေကြသူများသည် နည်းပညာကျွမ်းကျင်မှု လိုအပ်နေသဖြင့် ထိုက်တန်သော လုပ်ခလစာ ရသင့်သလောက်မရရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်း၍ လုပ်သားဈေးကွက်လိုအပ်ချက်ကို တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်အပေါ်မူတည်တွက်ချက်ပြီး Demand Driven Approach ဖြင့် သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရန်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီးကလည်း ပြည်သူအများစု၏ အလုပ်အကိုင်ရရှိရေး၊ ပုံမှန်ဝင်ငွေရရှိရေး၊ ကျန်းမာမှုစောင့်ရှောက်နိုင်ရေးတို့ကို ဦးစားပေးလျက် နိုင်ငံစီးပွားတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးအတွက် အဓိက လေ့ကျင့်မွေးထုတ်နိုင်သည့် ပညာရေးဖြစ်ရန် ဦးတည်ဆောင်ရွက်ကြရန် မှာကြားပြီးဖြစ်သည့်အတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းအဖြစ် နည်းပညာကျွမ်းကျင်မှု အဆင့်အတန်းကိုလည်း အမျိုးသားနည်းပညာ ကျွမ်းကျင်မှုစံသတ်မှတ်ချက်ပြည့်မီရေး အလေးထားမှသာ မိမိနိုင်ငံသားများသည် နိုင်ငံတကာသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ပြီး ထိုက်သင့်သော လုပ်ခရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။ **(ဝဝ)**




ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် လူ့စွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ဒေသလိုအပ်ချက်နှင့် အဆိုပြုမှုကိုတောင်းခံ၍ ဆောင်ရွက်လုပ်ကိုင်ပေးနေပါကြောင်း၊ ဒေသနှင့်ကိုက်ညီမည့် သင်တန်းများ ဖွင့်လှစ်ပေးပြီး အလုပ်အကိုင်၊ အခွင့်အလမ်းများကို ရှာဖွေပေးမှသာ လူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်နိုင်မည် ဖြစ်ပါကြောင်း၊ ဘက်စုံလွှမ်းခြုံသော ပညာရေးလေ့လာသုံးသပ်မှု အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် လုပ်သားဈေးကွက်အခြေအနေ၊ နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံစီမံကိန်းများအပေါ်အခြေခံကာ နည်းပညာနှင့်သက်မွေးပညာ အရည်အသွေးများကို အမျိုးသားအဆင့် အရည်အသွေးမူဘောင်နှင့် ချိန်ညှိဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက TVET Mapping ရေးဆွဲထားခြင်းနှင့် CESR မှ အကြံပြုထားသည့် Quick Win နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ဝန်ကြီးဌာနများမှ ပေးပို့လာသော နည်းပညာနှင့်သက်မွေးပညာရေးဥပဒေ (မူကြမ်း) အကြံပြုချက်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာသူများကလည်း ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပထမအကြိမ် အာရှခြင်းလုံးဖိတ်ခေါ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာရှခြင်းလုံးဖိတ်ခေါ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီမှ စတင်ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဗိုလ်လုပွဲစဉ်များ ကြည့်ရှုအားပေးရာ ခြင်းလုံးပြိုင်ပွဲ၏ ပြိုင်ပွဲအမျိုးအစား(၃) အခြေခံအဆင့် (အတွဲပြိုင်ပွဲ)၊ အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် ထိုင်းနိုင်ငံအသင်းနှင့် မြန်မာနိုင်ငံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းနိုင်ငံအသင်းက ၂၅၇ မှတ် ၂၂၂ ဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဒုတိယပွဲစဉ်အဖြစ် ပြိုင်ပွဲအမျိုးအစား(၃) အခြေခံအဆင့် အတွဲပြိုင်ပွဲ၊ အမျိုးသမီးဗိုလ်လုပွဲစဉ်အဖြစ် ထိုင်းနိုင်ငံအမျိုးသမီးအသင်းနှင့် မြန်မာအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီးအသင်းမှ ၂၄၃ မှတ် ၂၁၈ မှတ်ဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနား ဆက်လက်ကျင်းပရာ အာရှပိုက်ကျော်ခြင်းဥက္ကဋ္ဌ ဦးစိုးနိုင်က အမျိုးသားအခြေခံအဆင့် မျိုးကွဲပြိုင်ပွဲတွင်ဆုရရှိကြသော ပထမဆုရ မလေးရှား၊ ဒုတိယဆုရ တောင်ကိုရီးယား၊ ပူးတွဲတတိယဆုရ အိန္ဒိယနှင့် ဂျပန်နိုင်ငံအသင်းတို့အား ဆုတံဆိပ်များချီးမြှင့်ပြီး အာရှပိုက်ကျော်ခြင်းဥက္ကဋ္ဌ မစ္စတာဟယ်လင်က အမျိုးသမီး အခြေခံအဆင့် မျိုးကွဲပြိုင်ပွဲတွင် ဆုရရှိကြသော ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်းနိုင်ငံအသင်းတို့မှ အားကစားသမားများအား ဆုတံဆိပ်များကို ချီးမြှင့်သည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမျိုးသားအခြေခံအဆင့် မျိုးတူပြိုင်ပွဲမှ ဆုရရှိကြသော အားကစားသမားတို့အား ဆုတံဆိပ်များချီးမြှင့်ပြီး ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက အမျိုးသမီးအခြေခံအဆင့် အတွဲပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားတို့အား ဆုတံဆိပ်များကို ချီးမြှင့်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမျိုးသား ဒုတိယအဆင့် မျိုးကွဲပြိုင်ပွဲတွင် ဆုရရှိကြသောပထမဆုရ မြန်မာနိုင်ငံ၊ ဒုတိယဆုရ ထိုင်းနိုင်ငံ၊ ပူးတွဲတတိယဆုရ ကမ္ဘောဒီးယားနှင့် ဘရာဇီးနိုင်ငံမှ အားကစားသမားတို့အားလည်းကောင်း၊ အမျိုးသမီးဒုတိယအဆင့် မျိုးကွဲပြိုင်ပွဲတွင် ဆုရရှိကြသော ပထမဆုရ မြန်မာ၊ ဒုတိယဆုရ ထိုင်း၊ တတိယဆုရ ကမ္ဘောဒီးယားနိုင်ငံမှ အားကစားသမားများအား ဆုတံဆိပ်များကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (မြန်မာ့အလင်း)**

● ***ကျောက်ဖုံးမှ***

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

## ထီးခီးကူးသန်းရောင်းဝယ်ရေး စခန်းတည်ဆောက်ရေးလုပ်ငန်းများ အိတ်ဖွင့်တင်ဒါဖွင့်

**ထားဝယ် နိုဝင်ဘာ ၅**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ထီးခီးကူးသန်းရောင်းဝယ်ရေး စခန်းတည်ဆောက်ရေးလုပ်ငန်း ရှစ်မျိုးအတွက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသိန်းလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး တိုင်းဒေသကြီး ကုန်သွယ်မှုနှင့် မြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး မန်နေဂျာ ဦးကျော်စွာဝင်းက အိတ်ဖွင့်တင်ဒါဆိုင်ရာ ကိစ္စရပ်များနှင့် စည်းကမ်းချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များက လုပ်ငန်းစုအလိုက် အိတ်ဖွင့်တင်ဒါဈေးနှုန်းများ ယှဉ်ပြိုင်သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

❖ ***ရှေ့ဖုံးမှ***

လည်းကောင်း၊ ပိတ်ပွဲကို နိုဝင်ဘာ ၉ ရက်ညနေပိုင်းတွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဤအခမ်းအနားများ ဂုဏ်ယူဝင့်ကြွားစွာ ကျင်းပနိုင်ရေးအတွက် အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၅၀၀ ခန့်သည် စက်တင်ဘာလ တတိယပတ်မှစ၍ နေပူမိုးရွာမရှောင် ဇာတ်တိုက်လေ့ကျင့်လျက်ရှိရာ ဖွင့်ပွဲကျင်းပမည့်အချိန်ထိ ဆိုပါက တစ်လခွဲကျော် ကြာမြင့်ပေသည်။ ဂုဏ်ယူလိုစိတ်ဖြင့် ကြိုးစားခဲ့ကြ၏။

ဤနပန်းပွဲကြီးသည် ရခိုင်မြေ၌ ပြည်ထောင်စုသားတို့ ဆုံမည့်ပွဲပင်ဖြစ်သည်။ ဤသို့ပြည်ထောင်စုသားတို့ဆုံသည့်ပွဲမျိုးကို ၁၉၉၃ ခုနှစ်က စစ်တွေမြို့တော်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံ စတုတ္ထအကြိမ်မြောက် ကျောင်းသားအားကစားပွဲတော်ကို ကျင်းပခဲ့ဖူးသည်။ ထိုအချိန်ကလည်း တိုင်းရင်းသားပေါင်းစုံတို့သည် ရခိုင့်သမိုင်းဝင်ဘုရားများကို ဖူးရင်း ရခိုင့်ယဉ်ကျေးမှုဗိသုကာများနှင့် ရခိုင်သဘာဝအလှများကို မြင်တွေ့ကာ ရခိုင်ဒေသအကြောင်းများကို များစွာသိခွင့်ရရှိ၍ အားရကျေနပ်ခဲ့သည်ဟု သိရသည်။

နပန်းပွဲကြီးနှင့်အတူ ဒေသတွင်းအားကစားပြိုင်ပွဲများဖြစ်သော ခရိုင်ပေါင်းစုံ ယူ-၂၀ အမျိုးသားဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မြို့နယ်ပေါင်းစုံ မီနီမာရသွန်ပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်း ကျင်းပသွားပေမည်။

### နပန်းနှင့်ကျင်မတူပါ

ပြည်ထောင်စုအဆင့် ကျင်းပမည့် နပန်းပြိုင်ပွဲနှင့် ရခိုင်ရိုးရာအားကစားဖြစ်သော ကျင်ကိုင်ပွဲသည် မတူပေ။ နပန်းပြိုင်ပွဲစည်းကမ်းချက်နှင့် ကျင်ကိုင်ပွဲ စည်းကမ်းချက်သည်လည်း ကွာခြားပေသည်။ နပန်းပွဲတွင် သီးခြားစည်းကမ်းချက်ရှိသကဲ့သို့ ကျင်ပွဲတွင်လည်းသီးခြားစည်းကမ်းချက်ရှိပေသည်။ နပန်းပွဲနှင့် ကျင်ပွဲမတူပုံကို ရခိုင်လူမျိုးစုတို့ မြင်တွေ့ရပေမည်။

"ကျင်နဲ့နပန်းကမတူပါ။ ကျင်မှာ အဖမ်းနှင့် အခံဆိုပြီး စည်းကမ်းရှိပါတယ်။ သူ့စည်းကမ်းကို သူလိုက်နာရပါတယ်။ စည်းကမ်းချိုးဖောက်ရင် အရှုံးပေးရပါတယ်။ လူတွေကတော့ ကျင်နှင့် နပန်းတူတယ်လို့ တချို့ပြောနေကြပါတယ်။ သူတို့လည်း ဒီဥပဒေစည်းကမ်းတွေကို မသိလို့ ပြောနေတာဖြစ်ပါလိမ့်မယ်။ တူမတူ လက်တွေ့မြင်ရရင်သိကြမှာပါ" ဟု ရခိုင်ကျင်အကြောင်း သုတေသနပြုရေးသားနေသော စာရေးဆရာ လေးဝတီခိုင်ကျော်က ပြောပြသည်။

### ပြုံးပျော်ဆင်နွှဲနပန်းပွဲ

ရခိုင်မြေ၌ ပြည်ထောင်စုအဆင့် နပန်းပွဲကြီးကို ယနေ့စတင်ကျင်းပနေပေပြီ။ ရခိုင်ပြည်နယ်အစိုးရကလည်း အစီအစဉ်များကို စနစ်တကျပြုလုပ်ထားသည်။ "သားတို့ ခုလိုစုပေါင်းပြီး ဆောင်ရွက်ရတာ ပျော်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေဆီမှ တိုင်းရင်းသားတွေကို သားတို့ရခိုင်တွေ ဒီလိုလုပ်နိုင်ပါတယ်လို့ လက်တွေ့ပြချင်ပါတယ်" ဟု ဖွင့်ပွဲပိတ်ပွဲအတွက် လေ့ကျင့်နေသော နဝမတန်းကျောင်းသား ခိုင်အောင်မြတ်ကရင်ဖွင့်ပြောပြသည်။

ပြည်ထောင်စုသားတို့သည် ရခိုင်မြေ မြို့တော်စစ်တွေ၌ တူယှဉ်လက်တွဲလျက် ပြုံးပျော်ပျော်တွေ့ဆုံကာ နပန်းပွဲကိုဆင်နွှဲပြီး ရခိုင်ဒေသ၏ သဘာဝအလှများ၊ ရခိုင်တို့၏ ယဉ်ကျေးမှုများ၊ ရခိုင်ဒေသအခြေအနေများကို မြင်တွေ့ရပေတော့မည်။ ရခိုင်လူမျိုးတို့၏ ရိုးသားပွင့်လင်းမှု၊ ဖော်ရွေမှု၊ စေတနာရှိမှု၊ မေတ္တာထားမှုစသည့်ဓလေ့များကို မြင်တွေ့ရပေမည်။ အပြောမဟုတ် အလုပ်သက်သေပြနိုင်ရေးအတွက် အားလုံးမှာ တာဝန်ရှိပေသည်။ ရခိုင်တို့၏ဂုဏ်ကိုဖော်ကာ ဂုဏ်ယူသင့်ပေသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုဖွားတိုင်းရင်းသားရောင်းရင်းမိတ်ဆွေများအား သာစွဌာနေ ရခိုင်မြေကို လေ့လာလှည့်ပါဟု တိုက်တွန်းလျက် နပန်းပြိုင်ပွဲကို ဂုဏ်ပြုရေးသားလိုက်ရပါကြောင်း။ ။

## ပြည်တွင်းသတင်း

✻ ကျောဖုံးမှ

အခြေခံ ရည်မှန်းချက်တွေလည်း ပါဝင်ပါတယ်” ဟု ပြောပြသည်။

မြို့မငြိမ်း(၁၀၅)နှစ်ပြည့်အထိမ်းအမှတ် တီဗွီအစီအစဉ်သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နိုင်ငံတော်သံစုံတီးဝိုင်းနှင့် မြို့မတူရိယာအသင်းတို့ ပထမဆုံးပူးပေါင်း တင်ဆက်ခြင်းဖြစ်ပြီး ဂီတပညာရှင်ကြီး၏ အနုပညာလက်ရာများကို မှတ်တမ်းကောင်းတစ်ခုအဖြစ် ထိန်းသိမ်းနိုင်စေရန်နှင့် ပြည်သူချစ် အနုပညာရှင်ကြီးအား အမှတ်တရအဖြစ် ဆရာမြို့မငြိမ်း တေးသီချင်းများကို ပြန်လည်ဂုဏ်ပြုသီဆိုကြခြင်းဖြစ်သည်။

ဆရာမြို့မငြိမ်းသည် သူရောက်ရှိရာနေရာတိုင်းတွင် သီချင်းများကို ရေးသားခဲ့ပြီး သူ၏သီချင်းများသည် သူ၏ ဘဝပုံရိပ်များပင်ဖြစ်ကြောင်း ဦးရွှန်းမြိုင်က ပြောကြားသည်။

ဆရာမြို့မငြိမ်းရေးစပ်ခဲ့သော တေးသီချင်းများထဲမှ တေးသီချင်း ၃၃ ပုဒ်ကို ဂန္ထဝင်အဆိုတော်ကြီး ဦးမင်းနောင်၊ ရုပ်ရှင်တေးသံရှင် သရုပ်ဆောင် မောင်သိန်းဝင်း၊ စတီဒီယိုတေးသံရှင် ခင်မောင်ထူး၊ ဖိုးသောကြာ၊ အိအိချွန်နှင့် မြို့မပင်တိုင်အဆိုရှင်များ၊ မြန်မာ့အသံမှ အဆိုရှင်တို့က သီဆိုကြမည်ဖြစ်ရာ ဆရာ



ဦးတိုးကျော်
(ညွှန်ကြားရေးမှူး ဂီတ၊MRTV)

မြို့မငြိမ်း၏ အောင်မြင်ကျော်ကြားလူကြိုက်များသည့်တေး သီချင်းများအပြင် ပရိသတ်များ ကြားဖူးနားဝ မရှိသေးသည့် တေးသီချင်းများလည်း ပါဝင်မည်ဖြစ်သည်။

ဆရာမြို့မငြိမ်း၏ စိတ်ကူးအိပ်မက်မှာ symphony orchestra မြန်မာ့သံစုံတီးဝိုင်းကြီးတစ်ခု တည်ထောင်နိုင်ရန်ဖြစ်ပြီး သာမန်တေးသီချင်းတွေရေးစပ်ဖို့ရန် မဟုတ်ကြောင်း၊ ဆရာမြို့မငြိမ်း၏ သားဖြစ်သူ ဦးရွှန်းမြိုင်က ပြောကြားသည်။

မိမိအနေဖြင့်ဖခင်ဆန္ဒဖြစ်သည့် သံစုံတီးဝိုင်းကြီး မတည်ထောင်နိုင်ရခြင်းမှာ ခေတ်မီတူရိယာများနှင့် လူအင်အားမရှိခြင်းတို့ကြောင့် ကွန်ပျူတာ အော်ဂင်ဖြင့်သာ တေးသီချင်းများကို ဖန်တီးနိုင်ခဲ့ကြောင်း၊မြို့



မြို့မ ဦးရွှန်းမြိုင်

မငြိမ်း(၁၀၅)နှစ်ပြည့် အထိမ်းအမှတ် TV Program ကြီး ဖြစ်မြောက်ရန် အတွက်လူအင်အား၊ စိတ်ဓာတ်အင်အားများစွာတို့ကို အသုံးပြုခဲ့ရကြောင်း ဆက်လက်ပြောကြားသည်။

TV Programတွင် ထုတ်လွှင့်မည့် တေးသီချင်းများမှာ ခေတ်အရ ပြောင်းလဲပြီး ပြန်လည်ဆန်းသစ်ထားသည့် တေးသီချင်းများလည်း ပါဝင်ကြောင်း သိရသည်။ TV Program ဖြစ်ပေါ်လာပုံနှင့် ထုတ်လွှင့်မှုအပိုင်းနှင့်ပတ်သက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး (ဂီတ) ဦးတိုးကျော်က “ဆရာကြီးမြို့မငြိမ်း (၁၀၅) နှစ်ပြည့်မြောက်အထိမ်းအမှတ်ဆိုပြီးတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာရှိတဲ့ မြန်မာနိုင်ငံတော် သံစုံတီးဝိုင်းနဲ့ မန္တလေးမြို့မတူရိယာ အဖွဲ့တို့ပူးပေါင်းလုပ်တဲ့ ပွဲဖြစ်ပါတယ်။ ဒီအစီအစဉ် ဘယ်လိုဖြစ်ပေါ်လာရသလဲဆိုတော့ ပြီးခဲ့တဲ့ ဇန်နဝါရီလ ပထမပတ်က မြို့မအဖွဲ့မှ ဆရာကြီး ဦးရွှန်းမြိုင်က မြို့မတူရိယာ အဖွဲ့နှင့် နိုင်ငံတော် သံစုံတီးဝိုင်းနဲ့ တွဲဖက်ပြီးတော့ အမျိုးသားကဇာတ်ရုံမှာ တင်ဆက်ဖို့ လာရောက်ကမ်းလှမ်းခဲ့ပါတယ်။ ပထမအစီအစဉ်ဖျက်ပြီးတော့နိုဝင်ဘာလမှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက တာဝန်ယူပြီး TV Program လုပ်မယ်လို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ထုတ်လွှင့်မယ့် အစီအစဉ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ စတင်ပါမယ်။ တေးသီချင်း ၃၃ ပုဒ်ကို တစ်ကြိမ်လွှင့်ရင်လေးပုဒ်နှုန်းနဲ့ ရှစ်ကြိမ်ထုတ်လွှင့်သွားမှာဖြစ်ပါတယ် ” ဟု ပြောကြားသည်။

TV Program ရိုက်ကူးမှုနှင့် ပတ်သက်၍လည်း “တေးသီချင်းနှင့် ကိုက်ညီမည့် Lighting များနဲ့ ကင်မရာရှုထောင့်မျိုးနဲ့ အကောင်းဆုံးဖြစ်အောင် ရိုက်ကူးပေးထားပါတယ်။ တေးသီချင်းများကို ကြိုတင်နားထောင်ချိန်မရခဲ့တဲ့ အတွက် ခံစားရိုက်ကူးတဲ့အပိုင်းမှာ နည်းနည်းတော့ခက်ခဲခဲ့ပါတယ်။ အတတ်နိုင်ဆုံး ဆရာမြို့မငြိမ်းရဲ့ သီချင်းတွေကို ကြိုက်နှစ်သက်တဲ့ပရိသတ်တစ်ဦးအနေနဲ့ရော၊ Production Director အနေနဲ့ပါ စေတနာထားဆောင်ရွက်ထားပါတယ်”ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ Producer/ Director ဦးမျိုးအေး (ဦးစီးအရာရှိ)က ပြောကြားသည်။

ဆရာမြို့မငြိမ်းသည် ဂီတဝမ်းစာပြည့်ဝသည့် စောင်းဆရာကြီး ဒေဝဣန္ဒာ မောင်မောင်ကြီးနှင့်



MRTV မှ
Producer/Director
ဦးမျိုးအေး(ဦးစီးအရာရှိ)

ဆိုင်းဆရာကြီး စိန်ဗေဒါတို့၏ တပည့်ဖြစ်သည့်အတွက် မြန်မာမှုအခြေခံကောင်းပြီး တေးသီချင်းပေါင်း ၂၀၀ခန့် ရေးသားကြောင်း ၎င်းရေးစပ်ခဲ့သည့် နောက်ဆုံးသီချင်းမှာ “အိမ်သူပီပီ” သီချင်းဖြစ်ကြောင်း သိရသည်။





နေပြည်တော်၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပမည်ဖြစ်ရာ ယာဉ်တန်းလုံခြုံရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။
(ဓာတ်ပုံ- သတင်းစဉ်)



နေပြည်တော်၌ (၂၅)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပမည်ဖြစ်ရာ လုံခြုံရေးဆောင်ရွက်နေမှုများကို တွေ့ရစဉ်။
(ယာပုံနှင့်အောက်ပုံ)





■ ကျောဖုံးမှ

မန္တလေးဆေးတက္ကသိုလ်အတွက် အဓိက သင်ကြားရေးအထောက်အကူဌာနကြီးဖြစ်စေဖို့၊ ဆေးရုံကြီးသန့်ရှင်းသာယာလှပရေးနဲ့ လူနာတွေစိတ်ချမ်းသာစွာ ကုသမှုခံယူနိုင်ဖို့၊ ကျန်းမာရေးဝန်ထမ်းတွေအားလုံး ပျော်ရွှင်လွတ်လပ်စွာနဲ့ လူနာတွေရဲ့ ကျန်းမာရေးကိုဆောင်ရွက်ပေးနိုင်ဖို့ အဲဒါတွေကိုအဓိကထားဆောင်ရွက်နေပါတယ်။ ကျွန်တော့်ရဲဆောင်ပုဒ်ကတော့ ဝန်ထမ်းတွေလည်းပျော်၊ လူနာတွေလည်းစိတ်ချမ်းသာ၊ ဆေးရုံကြီးလည်း သန့်ရှင်းတိုးတက်လို့သာယာဆိုတဲ့ ဆောင်ပုဒ်နဲ့အညီဆောင်ရွက်နေတာပါပဲ။ဆေးရုံကြီးအတွက် ခေတ်မီစက်ကိရိယာတွေကို နိုင်ငံတော်က ၁၉၉၈ ခုနှစ်ကနေစပြီး တပ်ဆင်ပေးခဲ့တယ်။ အဲဒီတုန်းကတော့ ယခုလောက်အထိ ခေတ်မီတိုးတက်တဲ့စက်အဆင့်ကိုတော့ မရောက်သေးပါဘူး။ သို့သော် ယခုနောက်ပိုင်းမှာတော့ ကျွန်တော်တို့ဆေးရုံကသံလိုက်လှိုင်းနဲ့ ရောဂါရှာဖွေတဲ့စနစ်ကို အသုံးပြုနေပါပြီ။ ဒီစနစ်ဆိုရင်လက်ရှိမြန်မာနိုင်ငံမှာ တပ်ဆင်အသုံးပြုနေတဲ့စက်တွေထဲမှာတော့ အကောင်းဆုံးပဲ။ လူနာတွေရဲ့ရောဂါရှာဖွေမှုကို အသေးစိတ်တိကျမှန်ကန်စွာရှာဖွေပေးနိုင်ခဲ့တယ်။ နောက်ပြီးတော့ နှလုံးသွေးကြောချဲ့စက်ဆိုရင် နေ့စဉ်လူနာတွေကိုနှလုံးသွေးကြောတွေချဲ့ပေးနေပါတယ်။ နှလုံးသွေးကြောတွေရဲ့အခြေအနေတွေကို ရှာဖွေစမ်းသပ်ပေးတယ်။ နှလုံးခုန်နှုန်းအလွန်နှေးနေတဲ့ လူနာတွေကိုနှလုံးမြှင့်စက်တွေတပ်ဆင်ပေးတယ်။ အခုအချိန်မှာတော့ CRT လို့ ခေါ်တဲ့ နှလုံးမှာရှိတဲ့ အခန်းတွေတစ်ခုနဲ့တစ်ခု စနစ်တကျ ခုန်စေနိုင်တဲ့ အဆင့်ကို လုပ်ဆောင်ပေးနိုင်တဲ့ စက်အထိ တပ်ဆင်ပေးနိုင်တဲ့အနေအထားထိရောက်ရှိနေပါပြီ။ အဲဒီစက်ရဲ့တန်ဖိုးက အမေရိကန်ဒေါ်လာသုံးသောင်းခွဲနဲ့ ငါးသောင်းကြားမှာရှိတယ်၊မြန်မာငွေအနေနဲ့ သိန်း ၃၅၀ နဲ့ ၅၀၀ ကြားရှိတယ်။ ဒီလထဲမှာပဲ လူနာနှစ်ဦးကိုတပ်ဆင်ပေးနိုင်ခဲ့တယ်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလကစပြီး ရုတ်တရက်နှလုံးသွေးကြောပိတ်သွားတဲ့ လူနာကို သိသိချင်းမှာပဲချက်ချင်းစက်ပေါ်တင်ပြီးနှလုံးသွေးကြောကိုချဲ့ပေးခဲ့တယ်။ ဒီစက်ရဲ့ အားသာချက်ကတော့ ပိတ်ပိတ်ချင်း ပြန်ဖွင့်နိုင်တဲ့အတွက်နောက်ပိုင်းမှာ ကြွက်သားတွေ ပျက်စီးမှုမရှိဘဲဆေးဝါးကုသမှု သိပ်မလိုတဲ့ အကောင်းအတိုင်းပြန်ဖြစ်တာပေ့ါ။ အခုဆိုဒီကုသမှုဟာ အယောက်၁၀၀ ပြည့်ဖို့ နှစ်ယောက်ပဲလိုပါတော့တယ်။ ဒါဟာမြန်မာ့ကျန်းမာရေးလောကမှာ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးရဲ့ ပထမဆုံးအနေနဲ့ ယနေ့အချိန်အထိ လုပ်ဆောင်နိုင်တာကိုတော့ ဂုဏ်ယူစရာ အချက်တစ်ချက်အနေနဲ့ ပြောချင်ပါတယ်။ ဒီလိုလုပ်ဆောင်မှုမျိုးကို နိုင်ငံခြားမှာ သွားလုပ်မယ်ဆိုရင် ငွေကြေးကုန်ကျမှုများမယ်။ အချိန်အားဖြင့်လည်းမီနိုင်စရာမရှိဘူး။ ဒီမှာတင်လုပ်ဆောင်နိုင်တဲ့အတွက် မတတ်နိုင်တဲ့သူဆိုရင် အကုန်လုံး အခမဲ့လုပ်ဆောင်ပေးပါတယ်။ အခမဲ့ဆိုတာကကျွန်တော်တို့မှာရှိနေတဲ့ ဆေးပဒေသာပင်က ရနေတဲ့တစ်ဝက်ရယ်၊လုပ်ငန်းဆောင်ရွက်မှုတွေကနေ နိုင်ငံတော်ဘဏ္ဍာမှာ ၅၀ ရာခိုင်နှုန်းထည့်သွင်းပြီး စုဆောင်းထားတဲ့ ဆေးဝါးကုသမှုရန်ပုံငွေများထဲကရယ်ပေါင်းစပ်ပြီးတော့ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ အရေးကြီးဆုံးအချက်နေနဲ့ ပြည်သူတွေကို အသိပေးချင်တာတစ်ချက်ကတော့ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရဲ့ အရေးပေါ်ဌာနသို့ ရောက်ရှိလာတဲ့မည်သည့်လူနာကိုမဆို ခွဲတာစိတ်တာ၊ ရောဂါရှာဖွေ စမ်းသပ်တာကအစ အခမဲ့ဆောင်ရွက်ပေးနေနိုင်ပါပြီ။ ဒီလိုဆောင်ရွက်ပေးနိုင်တာကလည်း ၂၀၁၃ခုနှစ်ကတည်းကစပြီး ဆောင်ရွက်ပေးနိုင်တာဖြစ်ပါတယ်။ အခုလိုဆောင်ရွက်ပေးပြီးစနစ်တကျ ဆက်လက်ဆေးကုသမှု ခံယူဖို့လိုအပ်တဲ့ လူနာတွေကို သက်ဆိုင်ရာလူနာဆောင်တွေမှာ နေရာချထား ပေးတယ်။ ကုန်ကျမှုအနည်းဆုံးနဲ့ ရောဂါအတွက်ထိရောက်သက်သာမှုအရှိဆုံးဖြစ်အောင် ကျန်းမာရေးဝန်ထမ်းတွေ အားလုံးကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးနေပါတယ်။ ဒီလို ဆောင်ရွက်ပေးနေတာကလည်း ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေနဲ့ အရေးပေါ်အခြေအနေမှာ လိုအပ်တဲ့ကုသမှုတွေကို အခမဲ့ဆောင်ရွက်ပေးနိုင်ခြင်းဟာ နိုင်ငံတော်အနေနဲ့ အတိုင်းအတာတစ်ခုအထိအကောင်းဆုံးလုပ်ဆောင်ပေးခြင်းဖြစ်ပါတယ်လို့ပြောနိုင်ပါတယ်။ အခုချိန်မှာဆိုရင် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှာ အကျယ်ပေ (၂၀၀× ၇၀) မြေပေါ်မှာ ၁၀ ထပ် အဆောက်အအုံဖြစ်တဲ့ အထွေထွေရောဂါကု ဆေးကုသဆောင်သစ်ကြီးကို ပြည်သူများရဲ့ ထည့်ဝင်လှူဒါန်းမှုနဲ့အတူ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဦးဆောင်စီစဉ်ပေးမှုနဲ့တည်ဆောက်နေပါတယ်။ အခုဆို ၉၉ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ ပြင်ပဓာတ်လှေကားလေးစင်းမှာ တစ်စင်းပဲ တပ်ဆင်ဖို့ ကျန်ရှိပါတော့တယ်။

ခေတ်မီ စက်ကိရိယာတွေအားလုံးလည်း အောက်ထပ်မှာ တပ်ဆင်ပြီးသွားပါပြီ။ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှာ ဖွင့်လှစ်ပေးနိုင်ဖို့ စီစဉ်နေပါတယ်။

အဆောက်အအုံနဲ့ပတ်သက်လို့ ပြည်သူများလှူဒါန်းငွေ အခုချိန်ထိ သိန်းသုံးသောင်းရှိပါတယ်။ ဒါဟာကျွန်တော်တို့နိုင်ငံရဲ့ ပြည်သူတွေဟာ နိုင်ငံတော်ရဲ့ ဆောင်ရွက်ချက်တွေကို ယုံကြည်ထောက်ခံလို့ ဒီလိုလှူဒါန်းခြင်းဖြစ်တယ်လို့ ယုံကြည်ပါတယ်။ နောက်ပြီး ကျွန်တော်တို့ဝန်ထမ်းတွေရဲ့ ဆောင်ရွက်



ဦးဝင်း(ဆေးရုံအုပ်ကြီး)
မန္တလေးအထွေထွေပြည်သူ့ဆေးရုံ

မှုကို ဘယ်လောက်ထောက်ခံသလဲဆိုတာဒီအဆောက်အအုံကြီးက သက်သေပြနေပါတယ်။ ဆေးရုံအသစ်ကြီးအောက်ထပ်မှာတပ်ဆင်ထားတဲ့ စက်တွေအကုန်လုံးကိုတော့ နိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနက တပ်ဆင်ပေးထားတာပါ။ ကျွန်တော်ကတော့ ဆေးရုံအုပ်ကြီးတစ်ယောက်အနေနဲ့ ဒီအဆောက်အအုံကြီး တာဝန်ယူဆောင်ရွက်ခွင့်ရတာကို ဝမ်းသာဂုဏ်ယူပါတယ်။ ဒီအဆောက်အအုံကြီးဟာ မန္တလေးရဲ့အဆောက်အအုံဖြစ်တာမို့ မန်းတောင်ရိပ် အထွေထွေရောဂါကု ဆေးကုသဆောင်သစ်ကြီးလို့ အမည်ပေးဖို့ရည်ရွယ်ထားပါတယ်။

နိုင်ငံတော်ကိုတင်ပြပြီး ခွင့်ပြုမိန့်ရမယ်ဆိုရင် ဒီနာမည်လေးပေးပါ့မယ်။ မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးမှာ ဌာနပေါင်း ၃၈ ဌာနအနက် ဌာန ၁၂ ခုက မန္တလေးပြည်သူတွေနဲ့ အနယ်နယ်အရပ်ရပ်က စေတနာရှင်တွေကလှူဒါန်းထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မန္တလေးပြည်သူတွေကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီနာမည်လေးပေးခြင်းဖြစ်ပါတယ်။

ဆေးရုံကြီးရဲ့အခက်အခဲအနေနဲ့က ခေတ်မီစက်ကိရိယာတွေ တပ်ဆင်လာတာနဲ့အမျှစက်ကိရိယာတွေကို ကိုင်တွယ်နိုင်မယ့် ကျွမ်းကျင်ပညာရှင်တွေ၊ နောက်ပြီး အရည်အသွေးမီတဲ့ကျန်းမာရေး စောင့်ရှောက်ဖို့အတွက် သူနာပြုဆရာမတွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ လိုအပ်နေတဲ့အတွက် ဝန်ကြီးဌာနဆီမှာ တင်ပြတောင်းခံထားတယ်။ အခုလက်ရှိမှာတော့ ကျန်းမာရေးဝန်ထမ်း အင်အားအနေနဲ့က ၁၁၄၂ ဦးသာရှိပါတယ်။’

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဦးဝင်းက ပြောသည်။

ပြည်တွင်းသတင်း

# တောင်ငူမြို့ နှစ်ကျိပ်ရှစ်ဆူဘုရား ပူဇော်ခံအလှုပြယာဉ်များ အစဉ်အလာမပျက်စည်ကားစွာ လှည့်လည်

သတင်း-ကျော်သူဝင်း(မြန်မာ့အလင်း)၊ဓာတ်ပုံ-သူရ(တောင်ငူ)



**တောင်ငူ နိုဝင်ဘာ ၅**

တောင်ငူမြို့၌ နှစ်ကျိပ်ရှစ်ဆူတန်ဆောင်တိုင် ဘုရားပွဲတော်ကြီးကို အစဉ်အလာမပျက် ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၈၃)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သည်။အပူဇော်ခံအလှုပြယာဉ်များကို ရပ်ကွက်အလိုက်ပင့်ဆောင်ပူဇော်ပြီး ယာယီကျောင်းဆောင်အတွင်း သတ်မှတ်နေရာများတွင် ခမ်းနားလှပစွာ ပူဇော်ထားရှိကြသည်။

နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် မိုးရွာသွန်းမှုများကြောင့် ပူဇော်ခံအလှုပြယာဉ် ပျက်စီးမှုအချို့ရှိခဲ့ကြောင်း၊ အဆိုပါ ပျက်စီးမှုများကို အမြန်ပြုပြင်ပြီး နိုဝင်ဘာ ၄ ရက်ညနေ ၄ နာရီတွင် တောင်ငူမြို့အတွင်း ဒေသစာရီလှည့်လည်အပူဇော်ခံများဖြင့်၊ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

"အလှုပြ ပူဇော်ယာဉ်များကို ဘုရားသမိုင်းဖော်ကြူး၍ သူ့ထက်ငါ အပြိုင်အဆိုင်ပြုလုပ်ရပါတယ်။ ဆုတွေလည်းပေးတယ်။ ပူဇော်ခံယာဉ်များကို တစ်လလောက်အလိုကတည်းက စက္ကူ ဂွမ်းစတာတွေနဲ့ ပြင်ဆင်ထားခဲ့ရတယ်။ ကုန်ကျစရိတ်လည်း အလွန်များတယ်။ နိုဝင်ဘာ ၄ ရက်မှာ ဒေသစာရီလှည့်လည်အပူဇော်ခံရန်ကြိုတင်ပြုလုပ်ထားရာ နိုဝင်ဘာ ၃ရက်မှာ မိုးတွေရွာချတော့ အလှုပြယာဉ်အတော်များများ ပျက်စီးခဲ့ပါတယ်။ တချို့ဆို မိုးကာတွေအုပ်ထားရပါတယ်။ နောက်ပြီး ညတွင်းချင်းပြင်ဆင်ရပါတယ်။ ဒီနှစ်ကျိပ်ရှစ်ဆူပွဲက တောင်ငူမှာ အလွန်စည်ကားပါတယ်" ဟု ဒေသခံတစ်ဦးက ပြောပြသည်။

ယခုနှစ်တွင် ဒေသစာရီ ကြွချီလှည့်လည်ပူဇော်ခံရန် အလှုပြပူဇော်ယာဉ်များကို ရပ်ကွက်အလိုက်၊ အသင်းအဖွဲ့အလိုက် ပြင်ဆင်ပြိုင်ဆိုင်လာကြသည်။ အဆိုပါယာဉ်များကို အကဲဖြတ်အမှတ်ပေးနိုင်ရန် ဒိုင်အဖွဲ့ကိုလည်း ပညာရှင်များဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ယှဉ်ပြိုင်ရာတွင် စည်းကမ်းချက်များအနေဖြင့် နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပင့်ဆောင် ပူဇော်ရာတွင် ကြည်ညိုဖွယ်ရာ ပင့်ဆောင်မှု၊ သတ်မှတ်နေရာများတွင် ခမ်းနားစွာ စနစ်တကျပူဇော်မှု၊ ဘုရားသမိုင်းဖော်ကြူးမှုပွဲတော်နှင့်အညီ နောက်ခံကားချပ်များပြင်ဆင်ထားမှု၊ ဓမ္မပူဇာ ရှုတ်ဖတ်ရာတွင် အသံကောင်းမှု၊ ဆွဲဆောင်မှုရှိခြင်းတို့အပေါ် မူတည်၍ဆုများပေးအပ်သွားမည်ဖြစ်သည်။

ဆုပေးပွဲများကို နိုဝင်ဘာ ၆ ရက်တွင် ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး ပထမဆုငွေကျပ်သိန်း ၅၀၊ ဒုတိယဆု ငွေကျပ် သိန်း ၃၀၊ တတိယဆု ငွေကျပ်သိန်း ၂၀ နှင့် နှစ်သိမ့်ဆု ငွေကျပ် ၁၀ သိန်း ငါးဆုကို ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

## ထိုင်းနိုင်ငံရှိ ကုမ္ပဏီတွင် အစုရှယ်ယာအလိမ်ခံရသည့် အလုပ်သမားများအား ထိုင်းရှေ့နေများကောင်စီ ကူညီမည်

**ဗန်ကောက် နိုဝင်ဘာ ၅**

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်ရှိ ထိုင်းကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာအလိမ်ခံရသည့် မြန်မာအလုပ်သမားနှစ်ထောင်ကျော်၏ ထိုင်းနိုင်ငံသုံးဘတ်ငွေ ၅ ဒသမ ၅ ဘီလီယံခန့်ရှိသော ဆုံးရှုံးငွေများပြန်လည်ရရှိရေးအတွက် ထိုင်းရှေ့နေများကောင်စီက ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) က ဆက်သွယ်ပြောချက်အရ သိရသည်။

ငါးလအတွင်း အကျိုးအမြတ်ဖြစ်မည်ဆိုသည့် ဆွဲဆောင်မှုဖြင့် အလုပ်သမားထောင်ချီရှိသည့် မြန်မာအလုပ်သမားများထံမှ ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၅ ဒသမ ၅ ဘီလီယံခန့် လိမ်လည်ထားသည့်ကုမ္ပဏီကို ပူးပေါင်းအဖွဲ့များက အောက်တိုဘာ ၂၄ ရက်က နှိမ်နင်းခဲ့ခြင်းဖြစ်ပြီး(သတင်းဖော်ပြပြီး) နိုဝင်ဘာ ၂ ရက်တွင် ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက မြန်မာအလုပ်သမား ၆၀၀ ကျော်တို့၏ စာရင်းဇယားများကို စုဆောင်း၍ ဘန်ခဲရပ်ကွက်ရှိ ဝပ်တစ်လုံးဘုန်းတော်ကြီးကျောင်း၌ ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှည ၁၁ နာရီထိ ထိုင်းရှေ့နေများကောင်စီသို့ အမှုအပ်နှံခဲ့ခြင်းဖြစ်သည်။

MAT အတွင်းရေးမှူး ကိုခိုင်ကြီးက" ဝပ်တစ်လုံးကျောင်းမှာ ကျွန်တော်တို့ စုကြပါတယ်။ ထိုင်းရှေ့နေများကောင်စီက ရှေ့နေခုနစ်ဦးလာတယ်။ အလုပ်သမား ၆၀၀ ကျော်တက်ရောက်ကြပါတယ်။ နောက်ထပ်ရောက်လာမယ့်သူတွေကိုလည်း ကူညီပေးဦးမှာဖြစ်ပါတယ်။ ရက်ပေါင်း ၉၀ လွန်မှ ရောက်လာတဲ့စာရင်းကိုတော့ လက်မခံတော့ပါဘူး။ ထိုင်းရှေ့နေတွေကတော့ ကူညီသွားမှာပါ။ ကုမ္ပဏီမှာအဓိကကျတဲ့ ကိုသိုက်နဲ့ ကိုလေး(ခ)ကျော်ဝဏ္ဏတို့ရဲ့ မြန်မာပြည်မှာပိုင်ဆိုင်မှုတွေကိုလည်း မြန်မာအစိုးရဘက်က စုံစမ်းပေးဖို့လိုပါတယ်လို့ ထိုင်းရှေ့နေတွေက တောင်းဆိုထားပါတယ်"ဟု ပြောခဲ့သည်။

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်ရှိ ဖလန်းဆောင်နယ်မြေ မူဘန်း DK ၂၆ လမ်း တွင်ရှိသော ဆဲဗင်းအလဲဗင်း စျေးဆိုင်အနီးရှိစံကျော်ပင် ကုမ္ပဏီ SUNJAOPING(666) .ltd အားထိုင်းစစ်တပ် ရာဇဝတ်မှု တိုက်ဖျက်နှိမ်နင်းရေး အထူးရဲတပ်ဖွဲ့ Economic Crime Suppression Division မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ထိုင်းတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED နှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT တို့က ပူးပေါင်းနှိမ်နင်းခဲ့ကြခြင်းဖြစ်သည်။ ထိုအလိမ်ခံရသည့် မြန်မာအလုပ်သမားတို့သည် စံကျော်ပင် ကုမ္ပဏီ SUNJAOPING(666). ltd. သို့ ယခုနှစ်အစပိုင်း ဖေဖော်ဝါရီ ၇ ရက်က အစုရှယ်ယာစတင်ဝင်ရောက်ခဲ့ကြကြောင်းနှင့် အလိမ်ခံထားရသည့် မြန်မာအလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံဖုန်းနံပါတ်များဖြစ်သော ၀၈၅၃၄၃၅၆၁၁ နှင့် ၀၉၀၆၆၇၇၉၁၃ သို့ ရက်ပေါင်း ၉၀မတိုင်မီ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အမြန်ဆက်သွယ်ရန် နှိုးဆော်ထားကြောင်း MAT အဖွဲ့ထံမှ သိရသည်။

**စိုးဝင်း(SP)**

## နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၅**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် တက်ရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲ Aptis Test အတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ရေး၊ Aptis Test ဖြေဆိုနည်းလမ်းညွှန်ကို ရုပ်မြင်သံကြားနှင့် သတင်းစာတွင် ထုတ်လွှင့်ဖော်ပြရေး၊ ခုံအမှတ်နှင့် စာစစ်ဌာန ကြေညာရေး၊ စိတ်စွမ်းရည်စစ်ဆေးရေး၊ လူတွေ့စစ်ဆေးရေး၊ နယ်ခရီးစရိတ်ရှိလျှင် ထုတ်ပေးရေးနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းနိုင်ရန် တာဝန်ချထားရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ စာစစ်ဌာနများ၏ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မြန်မာနိုင်ငံစာရေးဆရာအသင်း သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများပေးပို့လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံ စာရေးဆရာများအသင်းကကြီးမှူးပြီး သက်ကြီးစာပေပညာရှင် ၁၈၀ အား ၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၂ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ပူဇော်ကန်တော့ပွဲ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါကန်တော့ပွဲအတွက် နိုင်ငံတော်သမ္မတရုံးက ငွေကျပ် ၅၄ သိန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက် မိသားစုက ငွေကျပ် ၁၈ သိန်း၊ ဒေါက်တာ တင်ထွန်းဦး၊ ဒေါက်တာခင်မိုးမိုး(သုတစွယ်စုံ မီဒီယာဂရု) မိသားစုက ငွေကျပ် ၁၅ သိန်း၊ မဟာသရေစည်သူ ဗိုလ်ချုပ်ကြီးစိုးဝင်း (ငြိမ်း)၊ဇနီး ဒေါ်သန်းသန်းနွဲ့စာရေးဆရာမ (မလေး-မုံရွာ) မိသားစုက ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ငွေကျပ် သုံးသိန်း၊ ဆရာဝန် တင်ရွှေ မိသားစုက ငွေကျပ် သုံးသိန်း၊ ဦးတင်ခ(တက္ကသိုလ်တင်ခ) မိသားစုက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယ ဥက္ကဋ္ဌ-၁ ဦးကျော်ဝင်း (မနုသကျော်ဝင်း) မိသားစုက ငွေကျပ်တစ်သိန်း၊ ဒုတိယဥက္ကဋ္ဌနှင့် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)-ဒေါ်ခင်အေးမူ မိသားစုက ငွေကျပ်တစ်သိန်း၊ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) မိသားစုက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ငွေကျပ် တစ်သိန်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) စာရေးဆရာမ(မလေးယဉ်) မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးကျော်စိုး (မောင်ကျေးဖူး) မိသားစုက ငွေကျပ်သုံးသောင်း၊ ဗန်းမော်မြို့နယ် ဦးမျိုးအောင်က ငွေကျပ်တစ်သောင်း၊ သာကေတ မြို့နယ်စာရေး ဆရာ မင်းရိုးယဉ်က ငွေကျပ်တစ်သောင်း အသီးသီးလှူဒါန်းကြသည်။

အလှူငွေဖြစ်စေ၊ ပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ် (၁၇၃/၁၇၅)ပန်းဆိုးတန်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၀၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တာချီလိတ်-မိုင်းဆတ်သွားကားလမ်းမ တောင်တက်လမ်းပေါ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**တာချီလိတ် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဟွေရှဲရွာအနီး တာချီလိတ်-မိုင်းဆတ်သွား ကားလမ်းမပေါ် တောင်အတက်တွင် ယာဉ်တစ်စီး ဘရိတ်ပေါက် တိမ်းမှောက်ခဲ့၍ ခေတ္တယာဉ်ကြောပိတ်ဆို့သွားကြောင်း သိရသည်။

### ပုံမှန်အတိုင်းသွားလာနိုင်

ဖြစ်စဉ်မှာ နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က တာချီလိတ်-မိုင်းဆတ်သွား လမ်းမပေါ်တွင် ယာဉ်မောင်းထွန်းမြတ် (၄၀ နှစ်) တူးမြောင်းလမ်း မြို့မရပ် တောင်ကြီးမြို့နေသူ မောင်းနှင်လာသော NISSAN ၁၂ ဘီး အစိမ်းရောင်ယာဉ်သည် ဘိလပ်မြေအိတ်များနှင့် ကုန်စုံများတင်ဆောင်၍ တာချီလိတ်မြို့မှ နားကောင်းမူးကျေးရွာသို့ မောင်းနှင်လာစဉ် ဟွေရှဲ တောင်အတက်တွင် ဘရိတ်ပေါက်၍ နောက်သို့ပြန်လိမ့်ကာ လမ်း၏ ယာဘက်သို့ ကန့်လန့်ဖြတ်အနေအထားဖြင့် တုံးလုံးလဲသွားခဲ့ရာ ယာဉ်မောင်းထွန်းမြတ်တွင် ဒဏ်ရာရရှိခဲ့သဖြင့် တာချီလိတ်ပြည်သူ့ဆေးရုံသို့ ဆေးစာနှင့်ပေးပို့ထားရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့စုများက ယာဉ်ကို ဖယ်ရှားခဲ့ရာ မွန်းလွဲ ၂ နာရီတွင် ယာဉ်များ ပုံမှန်အတိုင်းသွားလာနိုင်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပကြည်နူးရ

# စက်စဲကမ်းခြေနှင့် ၂၁ ပါရာဒိုက်ဟိုတယ်

သတင်းဆောင်းပါး- မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



မျက်စိတစ်ဆုံး ပင်လယ်ပြင် ကမ်းခြေကို တလိမ့်လိမ့်ရိုက်ခတ်နေသော ရေလှိုင်းများ၊ အညိုရောင်သဲများဖြင့် ပြန့်ပြူးနေသည့် ကမ်းခြေနှင့် ဆားဓာတ်ပါသော ပင်လယ်လေတို့ကြောင့် လန်းဆန်းသွားစေသည်။ မွန်ပြည်နယ်တွင် အလှပဆုံးကမ်းခြေဖြစ်ပြီး ခရီးသွားအများဆုံး လာရောက်အပန်းဖြေသည့် ကမ်းခြေပင်။

ကျိုက္ခမီရေလယ်ဘုရားသို့ သွားသော လမ်းခွဲမှစက်စဲသွားသည့် မော်တော်ကားလမ်းက ကောင်းမွန်နေပြီဖြစ်သည်။ စက်စဲရွာနှင့် ကပ်လျက်တည်ရှိသော စက်စဲကမ်းခြေသည် နှစ်စဉ်ပွင့်လင်းရာသီတွင် ပြည်တွင်းပြည်ပခရီးသွားများ လာရောက်အပန်းဖြေကြသဖြင့် စည်ကားလျက်ရှိသည်။

စက်စဲကမ်းခြေတွင် ဧည့်သည်များ တည်းခိုနိုင်ရေးအတွက် တည်းခိုခန်းများရှိသော်လည်း မကြာမီက အသစ်ဖွင့်လှစ်ခဲ့သော ၂၁ ပါရာဒိုက်ဟိုတယ်ကြောင့် လာရောက်အပန်းဖြေသူများအတွက် အဆင်ပြေမှုနှင့် စိတ်ချမ်းသာမှုများ ဖြစ်ပေါ်စေခဲ့ပြီဖြစ်သည်။

၂၁ ပါရာဒိုက်ဟိုတယ်အဆောင် (၁၊ ၂၊ ၃)တို့ကို ၂၀၁၃ ခုနှစ် မတ် ၁၉ ရက်က မွန်ပြည်နယ်နေ့ အခမ်းအနားနှင့်တစ်ရက်တည်း တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ရာလက်ရှိအခြေအနေတွင် အခန်းပေါင်း ၇၇ ခန်း၌ ဧည့်သည် ၂၀၀ တည်းခိုနိုင်ပြီဖြစ်သည်။

လေအေးစက်တပ်နှစ်ယောက်အိပ်ခန်းများ၊ ရေပူရေအေးစနစ်ပါရှိမှုများ၊ လူ ၂၀၀ တစ်ပြိုင်နက်စားသုံးနိုင်သော နံနက်စာ ဘူဖေးအခမဲ့ကျွေးမှုများကြောင့် ၂၁ ပါရာဒိုက်ဟိုတယ်သည် စက်စဲကမ်းခြေသို့ အပန်းဖြေလာရောက်သူများအတွက် ကျေနပ်မှုဖြစ်စေမည် ဖြစ်သည်။ ဟိုတယ်ရှေ့ကမ်းခြေဘက်တွင် ရေကူးကန်၊ ၆၂၁ ပေရှည်သော အဆင့်မြင့်လျှောက်လမ်းများ ပါရှိမှုကြောင့် စက်စဲကမ်းခြေအလှကို စိတ်အေးချမ်းသာစွာ ကြည့်ရှုခံစားနိုင်သလို ပင်လယ်လေကိုတဝကြီးရှူရှိုက်ရင်း လမ်းလျှောက်နိုင်လေသည်။

၂၁ ပါရာဒိုက်ဟိုတယ်ကို ထပ်မံပြီးတိုးချဲ့တည်ဆောက်မည်ဖြစ်ရာ စုစုပေါင်း ဧည့်သည် ၅၀၀ တစ်ပြိုင်တည်း တည်းခိုနိုင်သည့် ဟိုတယ်အဖြစ် ရောက်ရှိလာမည်ဖြစ်သည်။ အင်တာနက်နှင့် ဂိမ်းအသုံးပြုနိုင်သည့်ခန်းမ၊ WiFi ၂၄ နာရီအမြဲ အခမဲ့ အသုံးပြုနိုင်သလို ဆက်သွယ်ရေးတာဝါတိုင်ထောင်ရန် စတင်ပြုလုပ်နေပြီဖြစ်ရာ မကြာမီဖုန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

စက်စဲကမ်းခြေတွင် ယခင်ကတည်းခိုရန် အဆင်မပြေမှုများ၊ လိုအပ်ချက်များ ရှိနေမှုတို့ကြောင့် အပန်းဖြေလာရောက်ကြသူများ ပြည့်ပြည့်ဝဝအပန်းဖြေနိုင်ရန် ဝန်ဆောင်မှုအားနည်းခဲ့သည်။ ယခုအခါ ယင်းအချက်ကို ၂၁ ပါရာဒိုက် ဟိုတယ်က ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် ကမ်းခြေဖြစ်သည့် စက်စဲကမ်းခြေသည် ဆားဓာတ်ပါသော သဘာဝပင်လယ်လေကို ရှူရှိုက်ရခြင်းကြောင့် ကျန်းမာရေးကောင်းမွန်စေပြီး သဘာဝမြင်ကွင်းကို လွတ်လပ်စွာမြင်တွေ့ခံစားရခြင်း၊ ရေကူးရခြင်းတို့ကြောင့် ပင်ပန်းနွမ်းနယ်မှုများကို ပြေပျောက်စေမည်ဖြစ်သည်။

စက်စဲကမ်းခြေသည် ခရီးလမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းနှင့် ယခုအခါ တည်းခိုနေထိုင်ရန် အဆင်ပြေမှုများကြောင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ၊ အပန်းဖြေလိုသူများအတွက် မွန်ပြည်နယ်တွင်သာမက မြန်မာနိုင်ငံ၌ပါ ကောင်းမွန်သည့် ခရီးစဉ်တစ်ခုအဖြစ် ရောက်ရှိနေပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

# မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး(၁၀) နှစ်ပြည့် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီက မဟာအံ့ထူးကံသာ ဆုတောင်းပြည့် ဘုရားကြီး၏အရှေ့ဘက် ကုန်းတော်ကွင်းပြင်၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးရဲမြင့်တက်ရောက်ဖွင့်လှစ်ပေးသည်။

မီးပုံးပျံပွဲတော်ဖွင့်ပွဲ အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် မြို့နယ်ဌာနဆိုင်ရာများ ကျောင်းပေါင်းစုံမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်ကြီးများမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး မီးပုံးပျံပြိုင်ပွဲကို နေ့အရုပ်အလုံး ၆၀၊ စိန်နားပန် ၂၅ လုံး၊ ညမီးကျည် ၁၈ လုံး စုစုပေါင်း ၁၀၃ လုံးတို့ကို ပြိုင်ပွဲဝင်များက နိုဝင်ဘာ ၃ ရက်မှ ၇ ရက်အထိ ၅ ရက်တိုင် နေ့ညဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ယခုနှစ် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးရင်ပြင်ပေါ်တွင် မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ ပန်းဆီမီးကပ်ပူဇော်ပွဲများနှင့် အထူးစည်ကားလျက်ရှိပြီး မီးပုံးပျံပွဲကျင်းပရာကွင်းပြင်၌ ဈေးရောင်းပွဲတော် လူသုံးပစ္စည်းအမျိုးမျိုး၊ မြန်မာ့လက်ဝှေ့ပြိုင်ပွဲများ၊ ခေတ်ပေါ်တေးဂီတအဆိုတော်များ၊ အပျော်စီးချားရဟတ်များ၊ ကလေးကစားကွင်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

(ဝ၃၂)

## ပြည်တွင်းသတင်းနှင့်ဖော်ပြချက်

# ရှမ်းနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**တောင်ကြီး နိုဝင်ဘာ ၅**

ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပရေးဦးစီးကော်မတီ(တောင်ကြီး)က ကြီးမှူးကျင်းပမည့် ရှမ်းနှစ် ၂၁၀၉ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်ထိ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှမ်းနှစ် ၂၁၀၉ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်သည် နိုဝင်ဘာ ၁၈ ရက် နံနက်မှစတင်၍ အဝေရာမီးပုံးပျံကွင်း၌ ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ပြခန်းများဖွင့်လှစ်ခြင်း၊ တောင်ကြီးတက္ကသိုလ်ဘက်စုံခန်းမ၌ စာတမ်းဖတ်ပွဲ (အင်္ဂလိပ်ဘာသာ)ဖြင့် အခမ်းအနားပြုလုပ်ခြင်း၊ ဘောလုံးပြိုင်ပွဲ၊ မီးပုံးပျံပြိုင်ပွဲ၊ ဂီတနှင့်ရိုးရာ အကပဒေသာများကို အဝေရာမီးပုံးပျံကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲ (မြန်မာဘာသာ)ဖြင့် ဖတ်ကြားခြင်း၊ ကိန္နရီကိန္နရာနှင့်တိုးနယားအကပြိုင်ပွဲများ၊ စာတမ်းဖတ်ပွဲ(ရှမ်းဘာသာ)ဖြင့် ဖတ်ကြားခြင်း၊ သစ်သီးထွင်းအလှနှင့် ပန်းအလှပြိုင်ပွဲကျင်းပခြင်း၊ ပဒေသာပင်လှည့်လည်ခြင်း၊ နှစ်ဦးကြိုဆိုခြင်း အခမ်းအနား၊ နှစ်သစ်တွင်ပင့်သံဃာများကို ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နှစ်သစ်တရားပွဲကျင်းပခြင်း၊ မြို့ရွာသမိုင်းကြောင်းများပြောဆိုပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ အလှမယ်ပြိုင်ပွဲ၊ ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲများစသည့် ပျော်ပွဲရွှင်ပွဲများကို နိုဝင်ဘာ ၁၈ ရက်မှ၂၄ ရက်အထိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းတည်နေရာ၊ အဝေရာမီးပုံးပျံကွင်း၊ တောင်ကြီးတက္ကသိုလ်ဘက်စုံခန်းမ၌ စည်းကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နမ့်ခမ်း နိုဝင်ဘာ ၅**

နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးဖလား ရပ်ကွက်ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂ရက်က ကျင်းပသည်။

ဗိုလ်လုပွဲတွင်ကောင်နောင်မိုရပ်ကွက်က ပေါက်နေရပ်ကွက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်ဆွဲခဲ့ပြီး ပထမဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားကို နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် သက်ထွန်းဦးက ပေးအပ်ချီးမြှင့်သည်။ ဒုတိယဆုရရှိသော ပေါက်နေအသင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက လည်းကောင်း၊ တတိယဆုရရှိသော မန့်ခမ်းအသင်းကို ရဲမှူးမောင်အေးက လည်းကောင်း၊ ပွဲစဉ်တစ်လျှောက်နေရာအလိုက် အကောင်းဆုံးအားကစားသမားများဆုကို မူဆယ်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပပဝင်းကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

“ကျွန်တော်တို့မြို့မှာဘောလုံးပြိုင်ပွဲမလုပ်ဖြစ်တာကြာပြီ။ အခုဒီလိုလုပ်ပေးတဲ့အတွက် တကယ်ဝမ်းသာတယ်။ လူငယ်တွေလည်း အလွန်ပျော်ကြတယ်။ ဒီပြိုင်ပွဲ အမြဲလုပ်ပေးမယ်ဆိုရင် လူငယ်တွေလည်း တခြားမကောင်းတဲ့စိတ်တွေမဝင်တော့ဘူး။ ဘောလုံးကန်ဖို့ပဲ စိတ်ထဲမှာရှိနေကြမယ်။ လူငယ်တိုင်းကလည်းအားကစားကို စိတ်ဝင်စားမှုပိုပြီးရှိလာမယ်လို့ ကျွန်တော်ထင်တယ်”ဟု ကောင်နောင်မိုရပ်ကွက်တွင်ပါဝင်ယှဉ်ပြိုင်ကစားခဲ့သော အသင်းခေါင်းဆောင်က ပြောသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**


## တွေ့ဆုံပွဲနှင့် ပဒေသာပင်စိုက်ထူပွဲ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုရဲအုပ်လောင်း အမှတ်စဉ်(၂၀/၂၁) တွေ့ဆုံပွဲနှင့် သာ/နာရန်ပုံငွေ ပဒေသာပင်စိုက်ထူပွဲကို ၁၄-၁၁-၂၀၁၄ရက် (သောကြာနေ့) ည ၇ နာရီတွင် နေပြည်တော်ပျဉ်းမနား ဘောဂသီရိကားဝင်းအနီး မန္တလေးယူနန်စားသောက်ဆိုင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအား အသိပေးနှိုးဆော်အပ်ပါသည်။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်အုပ်စု(၁၂)၊ အိမ်အမှတ် (မင်း/၃၆၈)၊ ရာဇာမိရာဇ်လမ်းနေ ဦးမောင်ငယ်-ဒေါ်အုံးခင်တို့၏သား အောင်ကိုဝင်း(ခ) အောင်ကိုမင်း ၂/လကန(နိုင်)၀၈၀၇၄၆ သည် မိဘနှင့်ညီအစ်ကိုမောင်နှမများ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာအောင်ပြုလုပ်သဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

ဦးမောင်ငယ်-ဒေါ်အုံးခင်






နေပြည်တော်(၁) ဖုန်း- 251277 251288 | မင်္ဂလာ စံပြ | မင်္ဂလာ (၂) | မင်္ဂလာဒိုင်းမွန်း | ၆ . ၁၁ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြသမည်






မင်္ဂလာ (၁) သိမ်ကြီးဈေး | မင်္ဂလာ စံပြ | Top Royal | မြို့မ(မန္တလေး) | ၆ . ၁၁ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြသမည်




ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မြန်မာ SME လုပ်ငန်းရှင်များအတွက်အခမဲ့ဝက်ဘ်ဆိုက်ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်စေရန်နှင့် စီးပွားရေး သတင်းအချက်အလက်များ ပိုမိုရရှိလာစေရန် ရည်ရွယ်၍ အခမဲ့ ဝက်ဘ်ဆိုက်တစ်ခုကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၌ နိုဝင်ဘာ ၃ ရက်ကကျင်းပသည့် Paving the way for SMEs in Myanmar အခမ်းအနားမှ သိရသည်။

အဆိုပါ အခမ်းအနားတွင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ကဏ္ဍမြှင့်တင်ရေး လုပ်ငန်းစဉ်များတွင် လက်ရှိလုပ်ကိုင်နေမှု အခြေအနေများနှင့် လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုပေးနိုင်မည့် SMEs Link Program ကို စတင်ဖွင့်လှစ်၍ Myanmar SME ILink Online Platform အသုံးပြုပုံများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်အဆိုပါ အခမဲ့ဝန်ဆောင်မှု လိပ်စာဖြစ်သည့် www. myanmars-melink.com တွင် မိမိတို့၏လုပ်ငန်းများ၏ profile များကို ဖော်ပြနိုင်ပြီး ဝက်ဘ်ဆိုက်ပေါ်တွင်အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကိုလွယ်ကူလျင်မြန်စွာ ရှာဖွေကာ ချိတ်ဆက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီဝက်ဘ်ဆိုက်ကို အသုံးပြုတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ အနေနဲ့ ကိုယ်ပိုင်စာမျက်နှာတစ်ခု ရရှိစေပါမယ်။ ဒါ့အပြင် လုပ်ငန်းအသေးစိတ်တွေသာမကဘဲ စီးပွားရေးအခွင့်အလမ်းတွေကိုပါ ဖော်ပြနိုင်ပြီး ရင်းနှီးမြှုပ်နှံမယ့်သူတွေ၊ ပူးပေါင်းဆောင်ရွက်လိုတဲ့သူတွေနဲ့ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းတွေရရှိစေပါတယ်။ အချိန်နှင့်တစ်ပြေးညီ စီးပွားရေးသတင်းနဲ့ သတင်းအချက်အလက်တွေရရှိစေနိုင်ပါတယ်" ဟု UNIDO Myanmar မှ Senior MSMEs Expert ဖြစ်သူ Michele Boario ကပြောကြားသည်။

**မြတ်စန္ဒီသင်းဇော်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၁၁-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၀၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၂၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၅၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၀၉-၁၀၁၅ |
| ဥရောပ | တစ်ယူရို | ၁၂၇၀-၁၂၈၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၄-၇၉၆ |
| ထိုင်း | တစ်ဘတ် | ၃၂-၃၂.၅၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧယာအသစ်) | တစ်အိတ် | ၁၅၅၀၀-၁၅၈၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၄၈၀၀-၁၅၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၁၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၀၅ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၈၀-၃၅၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၄၀၀-၁၉၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၆၅၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၂၀-၆၉၀ |
| ရေတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၂၅၀-၂၃၀၀ |
| ရေတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၀၀၀-၅၂၀၀ |
| သကြား | တစ်ပိဿာ | ၈၈၀-၉၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

# လားရှိုးမြို့ မိုးပွင့်အဆင့်(၇) ကွင်းဆင်းဆောင်ရွက်

**လားရှိုး နိုဝင်ဘာ ၅**

လားရှိုးမြို့ ပန်သပြေကျေးရွာအုပ်စု ပန်သပြေကျေးရွာရှိ ပလောင်တိုင်းရင်းသားများကို နိုဝင်ဘာ ၅ ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလေးမောင်နှင့် ဝန်ထမ်းများက မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် အိမ်ထောင်စုမရှိသူ ၁၇၁ စုကို အိမ်ထောင်စုစာရင်းထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၉ ကတ်ကို နေ့ချင်းပြီးဆောင်ရွက်ခဲ့သည်။ ယခုကဲ့သို့ မြို့နှင့်အလှမ်းဝေးသော တိုင်းရင်းသားကျေးရွာများသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အိမ်တိုင်ရာရောက် သွားရောက်ဆောင်ရွက်ပေးသည့်အတွက် ပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# မိုးစပါးများ ရိတ်သိမ်းခြွေလှေ့

**လှိုင်ကော် နိုဝင်ဘာ ၅**

ကယားပြည်နယ်အတွင်း စိုက်ပျိုးထားသော မိုးစပါးများအား အောက်တိုဘာ ဒုတိယအပတ်မှစတင်၍ ရင့်မှည့်လျက်ရှိရာ အလေအလွင့်နည်းပါးရေး၊ အရည်အသွေးကောင်း စပါးများရရှိရေး၊ သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများမှ ရိတ်သိမ်းခြွေလှေ့စက်များကိုအသုံးပြုပြီး ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်အတွင်း အဓိက စပါးအများဆုံးစိုက်ပျိုးသည့် လှိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့တွင် ရိတ်သိမ်းခြွေလှေ့စက် ၁၂ စီးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နှစ်ရက်ဆက်တိုက်မိုးရွာသွန်းသဖြင့် လယ်သမားကြီးများ ဝမ်းသာပျော်ရွှင်

**ဖြူး နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း ကျေးရွာအုပ်စု (၆၁) စုတို့မှ လယ်သမားကြီးများသည် မိုးစပါးများ ရိတ်သိမ်းအပြီး မိုးစပါးနှင့်အတူ အထွက်ကောင်း ဝင်ငွေကောင်းလျက်ရှိသော ဆောင်းရာသီစိုက် မတ်ပဲများကို နှစ်စဉ်စိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးခဲ့ကြရာ ယခုနှစ်တွင်လည်း မတ်ပဲများရာသီအမီ စိုက်ပျိုးသွားနိုင်ရေးအတွက် မိုးစပါးများကို အောက်တိုဘာလ တတိယပတ်မှ စတင်၍တစ်မြို့နယ်လုံး စပါးရိတ်လုပ်သားများကို တစ်နေ့ ငွေကျပ် ၆၀၀၀ ဖြင့် ဈေးကြီးပေး၍ ငှားရမ်းလျက်ရိတ်သိမ်းနေကြပြီဖြစ်သည်။

သို့ရာတွင် ယခုနှစ်တွင် နောက်မိုးရွာသွန်းမှုမှာ အောက်တိုဘာလမှစ၍ မိုးရွာသွန်းမှုနည်းပါးသွားမှုကြောင့် မိုးစပါးရိတ်သိမ်းပြီး လယ်မြေများမှာ မြေအစိုဓာတ်ဆုတ်သွားမှုမြန်ဆန်ခဲ့သဖြင့် မြေများမာကြောသွား၍ ထယ်၊ ထွန်များ ထွန်ယက်မရဘဲ ဆောင်းရာသီစိုက် မတ်ပဲများ စိုက်ပျိုးရန်အခက်အခဲတွေ့နေကြရပြီး မိုးကိုမျှော်နေကြစဉ် နိုဝင်ဘာ ၂ ရက်ညနေ ၄ နာရီ မိနစ် ၂၀ မှ ၃ နာရီ ၁၀ မိနစ်တွင်တစ်ကြိမ်၊ နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ မှ ညနေ ၃ နာရီ ၄၅ မိနစ်အထိတစ်ကြိမ် နှစ်ရက်ဆက်တိုက် ထစ်ချုန်းမိုးရွာသွန်းခဲ့သဖြင့် မတ်ပဲများ ထွန်ယက်စိုက်ပျိုးရန် မိုးကိုမျှော်နေကြသည့် လယ်သမားကြီးများမှာ အထူးဝမ်းသာပျော်ရွှင်လျက်ရှိကြသည်။

"ဒီနှစ်ရာသီဥတုက သိတဲ့အတိုင်း ပဲဗျာ မိုးဦး၊ မိုးလယ်ခေါင်ခဲ့ပြီး မိုးနှောင်း မိုးနည်းတဲ့ မိုးစပါးကို စိုက်ပျိုးကြရတော့ မိုးစပါးစိုက်ပျိုးမှုလဲ နောက်ကျခဲ့ရပါတယ်။ ဒီကြားထဲ မိုးနှောင်းမိုး ကလဲ သီတင်းကျွတ်လထဲမှာ လုံးဝမရွာတော့ မြေအစိုဓာတ်တွေ အဆုတ်မြန်ပြီး မတ်ပဲစိုက်ဖို့ထွန်ယက်ရတာ ခက်ကုန်တာပေါ့။ အခု မနေ့ကနှင့် ဒီကနေ့ ညနေပိုင်း ရွာတဲ့မိုးကတော့ များလည်းများပြီး လယ်ကွင်းတွေထဲ ရေအိုင်အောင်ရွာတော့ မြေအစိုဓာတ်ပြန်ရလာလို့ ကျွန်တော်တို့ မြို့နယ်က လယ်သမားတွေအတွက်တော့ အခုရွာတဲ့မိုးဟာ ရွှေမိုး၊ ငွေမိုး ပါပဲဗျာ"ဟု ဖြူး အနောက်ဘက်ထန်း ပင်ကုန်းရွာမှ လယ်သမားကြီးတစ်ဦးက ဝမ်းသာအားရပြောပြသည်။

**မြင့်ဦး(ဖြူး)**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇-ဘီ)၊ လူနေရပ်ကွက်အမှတ် (နံ့သာကုန်း)၊ မြေကွက်အမှတ်(၁၃/က၅)၊ မြေအကျယ်အဝန်း ဧရိယာ ဝ ဒသမ ဝ၄၉ ဧကရှိ မြေပိုင်မြေကွက်နှင့် ယခုအခေါ် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်း၊ လမ်းသွယ်(၆)၊ အမှတ်(၅၃၅/က)ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက် ပိုင်ဆိုင်သူများဖြစ်သော ဦးစံမင်း ၁၂/လကန(နိုင်)၀၂၇၂၄၀ နှင့် နန်းလွင်လွင်ကြည် ၁၂/အစန(နိုင်)၀၉၉၁၅၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

## တရားဝင်စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မြိတ်မြို့၊ ကန်ခေါင်းရပ်၊ စကားဝါလမ်း၊ အမှတ်(၁၂၉)နေ (ဦးဟာရွန်)-ဒေါ်မူဂျီဘာတို့၏သား **မောင်အေးမင်းဇာဖန်း** USA နှင့် မြိတ်မြို့၊ မြိတ်တောင်နယ်မြေ၊ ဇေယျာသီရိ (၃)ရပ်ကွက်၊ အောင်ချမ်းသာလမ်းထိပ်၊ အမှတ်(၂)နေ ဦးမတ်ဂျာလား(ခ) ဦးဂျာလား-ဒေါ်ဘာကီလာတို့၏ တစ်ဦးတည်းသောသမီး **မအွန်မီစိုး(ခ)အွမ္မေစာလမာဟ်**တို့ကို ၂-၁၁-၂၀၁၄ ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးများ၏ရှေ့မှောက်တွင် တရားဝင်စေ့စပ်ကြောင်းလမ်းပြီးဖြစ်ပါကြောင်း။

**မောင်အေးမင်းဇာဖန်း-မအွန်မီစိုး**

## သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA)
## အိတ်ဖွင့်တင်ဒါ (Open Tender) များခေါ်ယူခြင်း

၁။ သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းမှ တာဝန်ယူတည်ဆောက်မည့် အလျားပေ ၆၀၊ အနံပေ ၃၀ရှိ School Cum Cyclone Shelter များအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
(က) ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ တိုးကျေးရွာအုပ်စု၊ တိုးရွာ။
(ခ) ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဘဝသစ်ကျေးရွာအုပ်စု၊ ကညင်ကုန်းကျေးရွာ။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀၁၄ခုနှစ် နိုဝင်ဘာ ၅ရက် (ဗုဒ္ဓဟူးနေ့) နေ့စဉ် မွန်းတည့် ၁၂း၀၀နာရီမှ ညနေ ၃း၀၀နာရီအတွင်း

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်** - ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၅ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းရုံး**
**အခန်းအမှတ် (၇၀၇) သတ္တမထပ်၊ MWEA Tower, ၂၈၈/၂၉၀၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၂၄၃၈၂၇**

## မြေကွက်ရောင်းမည်

ဒဂုံတောင်၊ ၂၆ရပ်ကွက်၊ မြယမုံစမ်းရိပ်မြိုင် အိမ်ရာ (ဆိုနီဝန်း)၊ ပါမစ်မြေ Sq 11000 ကျော်၊ အရှေ့လှည့်။

**ဖုန်း-၀၉-၇၃၁၆၀၀၅၂၊ ၀၉-၄၃၁၃၃၁၃၃**

## လူပျောက်



အထက်ပါဓာတ်ပုံရှင် မယုယု (ဘ-ဦးအောင်စိုးယု)သည် ၃-၁၁-၂၀၁၄ရက် ညအချိန်တွင် နေအိမ်မှ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူအား တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန် - ဦးနိုင်ဝင်း**
**ဖုန်း-၀၉-၅၁၈၅၄၈၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ထွန်းထွန်းဝင်း ၁၂/ဥကမ(နိုင်)၀၁၇၈၆၆သည် မိခင်၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ မောင်ထွန်းထွန်းဝင်းနှင့်ပတ်သက်သည့်ကိစ္စအဝဝတာဝန်မယူပါ။

**မိခင်-ဒေါ်ခင်ဝင်း**

အရာရှိဖြစ်သူများ ရေးဖြလျှင် သတင်းတဆုံဝည်မဟုတ်
ယုံကြည်စွာ အပ်နှံပါ
ဝါရင့်ဆရာကြီး
SH မြင့်သူထက် YU
ငွေကုန်လူပန်း မဖြစ်စေရ
ဆရာ/မ B.Ed ကျောင်းအုပ်၊ စီမံ လ/ထ ဆရာဝန်
Aptis Test (ပညာသင်ဆု)
နည်းပြ သရုပ်ပြ အနီးကပ် UFL
Grammar, Vocabulary, 4 Skills, စိတ်စွမ်းရည်၊ လူတွေ့ အထောက်အကူပြု သင်တန်းကြီး
ကွန်ပျူတာအမြန်သင်တန်း UCSB (PSC) ဝင်ခွင့်အားလုံး ဝင်ခွင့်ရသင်တန်းကြီး
တိုက်(၂၃)၊(၅)လွှာ၊လှည်းတန်းလမ်းမ၊ လှည်းတန်း Centre ဘေး၊အေးငြိမ်းသာဆေးခန်း အပေါ်
လှည်းတန်း၊ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၇၃၀၀၈၇၁၉၊ ၇၃၁၀၉၄၃၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဋ္ဌေးကြွယ်(က)ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း တိုက်အမှတ်(၄၅)၊ ပဉ္စမ(၆)လွှာ၊ ခြေရင်းဘက်ခန်းကို တိုက်အမှတ်(၅၄)၊ ဓာတိကလမ်း၊ ကျောက်မြောင်း၊ ဦးရင်မောင်MTA-၁၁၄၆၇၁ ထံမှ ကျွန်ုပ် ဦးညီညီလှ ၁၁/စတန(နိုင်)၀၁၈၀၄၄ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခြောက်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးညီညီလှ**
**၁၁/စတန(နိုင်)၀၁၈၀၄၄**
**၁၁/သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့**

**ID မူရင်း ပျောက်ဆုံးကြောင်း**

Myanmar Wood Mart Co.,Ltd.166832 (12-12-13) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၅၀၁၆၂၁၃**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်သန်းကျော်ဌေး ၁၂/တတန(နိုင်)၁၀၇၃၅၉ ကိုင်ဆောင်သူ CDC-31932 ၏ DSD,SID သင်္ဘောသားလက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၃၃၆၂၇**

## ယူရိုပါလိဂ် အုပ်စုပွဲစဉ်များ (သီဟ)

| | | | |
|---|---|---|---|
| **ယူရိုပါလိဂ် အုပ်စု(A)** | | | **နိုဝင်ဘာ ၇** |
| ဇူးရစ် | - | ဗီလာရီးရဲလ် | နံနက် ၀၀:၃၀ |
| အပိုလွန်လီမောဆိုး | - | မိုချန်ဂလက်ဘတ် | နံနက် ၀၀:၃၀ |
| **ယူရိုပါလိဂ် အုပ်စု(B)** | | | **နိုဝင်ဘာ ၇** |
| ဟယ်လ်ဆင်ကီ | - | တိုရီနို | နံနက် ၀၀:၃၀ |
| ကိုဘင်ဟောဂင် | - | ကလပ်ဘရူ | နံနက် ၀၀:၃၀ |
| **ယူရိုပါလိဂ် အုပ်စု(C)** | | | **နိုဝင်ဘာ ၇** |
| ထရီပိုလစ်စ် | - | စပါး | နံနက် ၀၀:၃၀ |
| ဘက်ဆစ်တပ်စ် | - | ပါတီဇန် | နံနက် ၀၀:၃၀ |
| **ယူရိုပါလိဂ် အုပ်စု(D)** | | | **နိုဝင်ဘာ ၇** |
| အက်စ်ထရာ | - | ဆဲလ်တစ် | နံနက် ၀၀:၃၀ |
| ဒိုင်နမိုမော်စကို | - | ဆာ့လ်ဘတ် | နံနက် ၀၀:၃၀ |
| **ယူရိုပါလိဂ် အုပ်စု(E)** | | | **နိုဝင်ဘာ ၆/၇** |
| ဒိုင်နမိုမော်စကို | - | အက်စ်တိုရယ် | ည ၁၁:၃၀ |
| ပါနာသီယာကို့စ် | - | PSV | နံနက် ၀၀:၃၀ |
| **ယူရိုပါလိဂ် အုပ်စု(F)** | | | **နိုဝင်ဘာ ၆/၇** |
| ကာရာဘက်ခ် | - | ဒီနီပရို | ည ၁၁:၃၀ |
| စိန့်အက်တီယန် | - | အင်တာမီလန် | နံနက် ၀၀:၃၀ |
| **ယူရိုပါလိဂ် အုပ်စု(G)** | | | **နိုဝင်ဘာ ၇** |
| ဖီယင်န | - | ရီဂျက်ကာ | နံနက် ၂:၃၅ |
| ဆီဗီလာ | - | စတန်းဒက်လိဂ် | နံနက် ၂:၃၅ |
| **ယူရိုပါလိဂ် အုပ်စု(H)** | | | **နိုဝင်ဘာ ၇** |
| ဝုဖ်ဘတ် | - | ခရက်စ်နိုဒါ | နံနက် ၂:၃၅ |
| အဲဗာတန် | - | လိုင်လီ | နံနက် ၂:၃၅ |
| **ယူရိုပါလိဂ် အုပ်စု(I)** | | | **နိုဝင်ဘာ ၇** |
| စပါတာပရာဂူး | - | ဆလိုဗန် | နံနက် ၂:၃၅ |
| နာပိုလီ | - | ယန်းဘွိုင်းစ် | နံနက် ၂:၃၅ |
| **ယူရိုပါလိဂ် အုပ်စု(J)** | | | **နိုဝင်ဘာ ၇** |
| ဒိုင်နမိုကိဗ် | - | အယ်လ်ဘော့ | နံနက် ၂:၃၅ |
| ရီယိုအွေ့ | - | စတူအာဘူခါရက် | နံနက် ၂:၃၅ |
| **ယူရိုပါလိဂ် အုပ်စု(K)** | | | **နိုဝင်ဘာ ၇** |
| ဂူအင်ဂမ့် | - | ဒိုင်နမိုမီနက်စ် | နံနက် ၂:၃၅ |
| ဖီအိုရင်တီးနား | - | PAOK | နံနက် ၂:၃၅ |
| **ယူရိုပါလိဂ် အုပ်စု(L)** | | | **နိုဝင်ဘာ ၇** |
| လိုကီရန် | - | ထရက်ဇွန်စပေါ် | နံနက် ၂:၃၅ |
| လီဂီယာဝါဆော | - | မက်တဲလစ်ခါခီ | နံနက် ၂:၃၅ |

# ချယ်လ်ဆီးနဲ့ပွဲမှာ ကြိုးကြာနီတို့တောင်ပံခတ်အမြင့်ပျံသန်းနိုင်ပါ့မလား

ဒီတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ်(၁၁)မှာတော့ လီဗာပူးနဲ့ချယ်လ်ဆီးတို့နဲ့ ထိပ်တိုက်တွေ့ဆုံမှုရှိနေပြီး နာမည်ကြီးမန်ယူတို့ကတော့ ခရစ္စတယ်ပဲလေ့စ်နဲ့ ဆုံတွေ့ဖို့ရှိနေပါတယ်။ ချယ်လ်ဆီးအတွက် အရေးကြီးသလို မန်ယူအတွက်လည်း မဖြစ်မနေနိုင်ပွဲရယူရမယ့်ပွဲဖြစ်နေတာမို့ ပွဲကြီးပွဲကောင်းတွေအဖြစ် လက်လွတ်မခံဘဲ အားပေးကြရဦးမှာဖြစ်ပါတယ်။

**လီဗာပူးနှင့် ချယ်လ်ဆီး**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုငါးပွဲရလဒ်ကိုကြည့်ရင် လီဗာပူးတို့က တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားပါတယ်။ လောလောဆယ်မှာတော့ လီဗာပူးတို့ခြေစွမ်းကျဆင်းနေပြီး ရုန်းကန်နေရပါတယ်။ ချယ်လ်ဆီးတို့က အခုတလောရလဒ်တွေကောင်းနေပေမယ့် အသင်းကြီးတွေနဲ့ အဝေးကွင်းမှာခက်ခဲစွာဖြတ်သန်းနေရတာမို့ အခုပွဲမှာသိပ်တော့ မလွယ်ပါဘူး။ အိမ်ရှင်ကြိုးကြာနီတို့ အမြင့်ဆုံးမျှော်လင့်နိုင်တာ တစ်မှတ်ပါပဲ။

**မန်ယူနှင့် ခရစ္စတယ်ပဲလေ့စ်**

မန်ယူအတွက် အခက်ခဲဆုံးဖြတ်သန်းနေရတဲ့ကာလဖြစ်နေတာမို့ ခရစ္စတယ်ပဲလေ့စ်တို့ အင်အားအပြည့်နဲ့ ဖိအားပေးကစားဖို့ ကြိုးစားပြင်ဆင်လာပါလိမ့်မယ်။ မန်ယူကွင်းမှာ ၂၀၁၁ ခုနှစ်က ခရစ္စတယ်ပဲလေ့စ်တို့အနိုင်ကစားဖူးတဲ့ မှတ်တမ်းရှိနေတာမို့ အခုပွဲမှာ မန်ယူတို့လျှော့တွက်လို့မရပါဘူး။ သရေပွဲ၊ ရှုံးပွဲတွေများနေတဲ့ မန်ယူဟာ အခုပွဲမှာအနိုင်ပြတ်သားမှုကို အာရုံစိုက်ကစားမှာ သေချာပါတယ်။

**ကျူပီအာနှင့် မန်စီးတီး**

မန်ယူကို အနိုင်ကစားထားတဲ့ မန်စီးတီးဟာ တန်းဆင်းဇုန်အတွင်းရောက်နေတဲ့ ကျူပီအာကိုလည်း သေသေချာချာပြင်ဆင်ရင်ဆိုင်ပါလိမ့်မယ်။ အိမ်ကွင်းမှာအားထုတ်မှုကောင်းတဲ့ ကျူပီအာတို့ မန်စီးတီးကို အမှတ်ဖြည့်ပေးမှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် တိုက်စစ်စွမ်းရည်မြင့်မားနေတဲ့ မန်စီးတီးသူရဲကောင်းတွေက ဂိုးတွေသွင်းပြီး အောင်ပွဲခံပါလိမ့်မယ်။

**ဆောက်သမ်တန်နှင့် လက်စတာ**

ဒီနှစ်ပရီမီယာလိဂ်မှာ အံ့အားသင့်ဖွယ်ရလဒ်တွေနဲ့ ဖြတ်သန်းနေတဲ့ ဆောက်သမ်တန်တို့ အိမ်ကွင်းရှုံးပွဲမရှိသေးပါဘူး။ တိုက်စစ်အားထက်သန်သလို ခံစစ်ပိုင်းခိုင်မာတောင့်တင်းတဲ့ အိမ်ရှင်ဟာ လက်စတာကိုပေါ့ပေါ့ဆဆကစားမှာမဟုတ်ပါဘူး။ လက်စတာနဲ့ဆုံတိုင်း ရှုံးပွဲကြုံတတ်တဲ့ ဆောက်သမ်တန်တို့သတိထားပြီး အလေးထားကစားရမယ့်ပွဲဖြစ်ပေမယ့် အနိုင်ဆိုတာ အိမ်ရှင်တို့ ခြေထဲမှာရှိနေပါတယ်။

**ဘန်လေနှင့် ဟားလ်စီးတီး**

ဒီနှစ်ပရီမီယာလိဂ်မှာ နိုင်ပွဲဈေးဦးမပေါက်သေးတဲ့ ဘန်လေတို့ အခုပွဲဟာ အိမ်ကွင်းမှာ ကစားရပေမယ့် နိုင်ပွဲမျှော်လင့်လို့မရသေးပါဘူး။ ဟားလ်စီးတီးတို့က အဝေးကွင်းမှာအမှတ်ရအောင် ယူတတ်တာမို့ အိမ်ရှင်အတွက် သရေဆိုရင် ကျေနပ်ရမယ့်အနေအထားပါပဲ။ **မိုးမြင့်လင်းလက်**

# ဘင်ဇီမာ၏ဂိုးဖြင့် ရီးရဲမက်ဒရစ်က လီဗာပူးကိုအနိုင်ယူ

**ကောင်းမြတ်သူ**



ချန်ပီယံလိဂ်အုပ်စု အဆုံးအဖြတ်ပြိုင်ပွဲများအဖြစ် ရီးရဲမက်ဒရစ်နှင့် လီဗာပူးတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဘင်ဇီမာ၏တစ်လုံးတည်းသောဂိုးဖြင့် ရီးရဲမက်ဒရစ်က အနိုင်ရရှိသွားသည်။ အုပ်စု (B)တစ်အုပ်စုတည်းမှ ဘေဆယ်က Ludogoretsအသင်းကို လေးဂိုးပြတ်ဖြင့်အနိုင်ရလိုက်၍ လီဗာပူးထက် ဘေဆယ်က သုံးမှတ်အသာရထားသည်။ ယင်းပွဲအနိုင်ပွဲကြောင့် ရီးရဲမက်ဒရစ်တို့ ၁၆ သင်းပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ အုပ်စု (A)တွင် အက်သလက်တီကိုက မာမိုအသင်းကို နှစ်ဂိုးပြတ်အနိုင်ကစားပြီး အုပ်စုထိပ်ဆုံး၌ရပ်တည်လျက်ရှိသည်။ ယင်းအုပ်စုမှ အိုလံပီယာကော့အသင်းက ဂျူဗင်တပ်စ်ကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးခဲ့သော်လည်း ဒုတိယနေရာတွင် ရှိနေသည်။ အုပ်စု (D)မှ ဒေါ့မွန်က ဂါလာတာစာရေးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး ၁၆ သင်းပြိုင်ပွဲသို့တက်ရောက်ရန် သေချာသွားပြီဖြစ်သည်။ ဒေါ့မွန်တို့လေးပွဲကစားပြီးချိန် ၁၂ မှတ်ဖြင့် ထိပ်ဆုံးနေရာတွင် ရောက်ရှိနေသည်။

ဂရုနှင့်တစ်အုပ်စုတည်း အာဆင်နယ်အသင်းက အန်ဒါလက်ချ်အသင်းနှင့်ကစားခဲ့ရာတစ်ဖက်သုံးဂိုးစီ သရေပွဲဖြစ်ခဲ့သော်လည်း ဒေါ့မွန်နှင့်အတူ ၁၆ သင်းပြိုင်ပွဲတက်နိုင်ခဲ့သည်။ ယင်းပွဲတွင် အာဆင်နယ်က သုံးဂိုးအသာစီးဂိုးသွင်းပြီးမှ အန်ဒါလက်ချ်အသင်းက နောက်မှလိုက်၍ ချေပဂိုးသုံးဂိုးသွင်းယူသွားခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အတွက်ဂိုးများကို အာတီတာ၊ ဆန်ချက်ဇ်နှင့် ချန်ဘာလိန်းတို့က သွင်းယူခဲ့ကြသည်။ သို့သော်လည်း အာဆင်နယ်အသင်းသည် လက်ကျန်နှစ်ပွဲဖြစ်သည့် နိုဝင်ဘာ ၂၆ ရက်တွင် ဒေါ့မွန်နှင့်ကစားမည့်ပွဲ၊ ဒီဇင်ဘာ ၉ ရက်တွင် ဂါလာတာစာရေးတို့နှင့်ကစားမည့်ပွဲတို့မှ ရမှတ်တစ်မှတ်ရယူရန်လိုအပ်နေဆဲဖြစ်သည်။

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)စီးယာဉ်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

သင့်ဆန္ဒတွေပြည့်ဝစေဖို့ ဆန္ဒအောင်နှင့်ဆက်သွယ်စို့။
ဆန္ဒအောင် (အိမ်၊ ခြံ၊ မြေ)
အကျိုးဆောင်လုပ်ငန်း
09-5067509, 09-73200599
09-250018591

စုစုအေးအောင်
ဝမ်းမှန်
အကြောပြေဆေး

**ပျောက်ဆုံးကြောင်း**

ဦးအောင်ရဲကျော် ၁၂/သဃက(နိုင်) ၁၆၁၂၅၈ 6S LC NO-ISP IDV8 13-14 36600 15/11/13 ၏ မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးရန်။

ဖုန်း-၀၉-၃၁၁၂၂၈၈၀

စာအုပ်စာပေ လူ့မိတ်ဆွေ

**ကုန်အမှတ်တံဆိပ်ကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲကြောင်း**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၈၂/၈၄တွင် တည်ရှိသော AGRI WORLD CO.,LTD ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးနေဝင်း ၁/မကန(နိုင်)၀၁၂၁၀၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၆၆၇၃/၂၀၀၉**

အထက်တွင်ဖော်ပြထားသော VINAPPRO ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်မိတ်ဆွေ၏ AGRI WORLD CO.,LTD က တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြစ်၍ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် ၆၆၇၃/၂၀၀၉ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

အထက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဗီယက်နမ်နိုင်ငံ SVEAM CO.,LTD မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့တင်သွင်းသော RICE MILLING MACHINES, AND RUBBER ROLLER အမျိုးမျိုး၊ ဆန်ချောစက်၊ ဆန်ဖွတ်စက်နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်သော သုံးကုန်အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနှံ့အပြားတွင် တစ်ဦးတည်းဖြန့်ချိရောင်းချခွင့်ရရှိသူအဖြစ် AGRI WORLD CO.,LTD အား တရားဝင်လွှဲအပ်တာဝန်ပေးထားပါသည်။

ကုမ္ပဏီ၏(Logo)အမှတ်တံဆိပ်ကို ကုမ္ပဏီလုပ်ငန်းနှင့်ပတ်သက်၍ စာရွက်စာတမ်းများ၊ ကုမ္ပဏီ၏ Letter Head၊ တံဆိပ်တုံး၊ ကြော်ငြာဆိုင်းဘုတ်၊ ဘလောက်၊ ငွေရပြေစာဖြတ်ပိုင်းနှင့်ပါကင်၊ ဘူးခွံတို့တွင် အရောင်အသွေးအမျိုးမျိုးတို့ဖြင့် ကပ်နှိပ်၊ ရိုက်နှိပ်ဖော်ပြ၍ အသုံးပြုလျက်ရှိပြီး ဆက်လက်အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ ကုမ္ပဏီမှ တစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြုလျက်ရှိသော VINAPPRO ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ အထက်ဖော်ပြပါ ပစ္စည်းများကို မည်သူမဆိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ အလုံးစုံကိုဖြစ်စေ၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲဖြန့်ချိရောင်းချခြင်းများ လုံးဝမပြုလုပ်ကြရန် အသိပေးကြေညာလိုက်ပါသည်။ လိုက်နာခြင်းမရှိပါက AGRI WORLD CO.,LTD ၏ အကျိုးစီးပွားထိခိုက်နစ်နာမှုများအတွက် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **(ဦးနေဝင်း)** | **ဦးကြည်တင် LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၃၂)** |
| **အုပ်ချုပ်မှုဒါရိုက်တာ** | **အမှတ် ၅၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်းမြို့နယ်၊** |
| | **ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၄၇၅၂၉၊ ၀၉-၇၉၉၂၁၆၅၄၈** |

## တရားအလှူတော်ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်းရှိ (၆) ရပ်ကွက် ဗဟိုဓမ္မာရုံကြီး၌ တရားအလှူတော်ပေးလှူမည်ဖြစ်ပါသဖြင့် တရားချစ်ခင်သူတော်စင်အပေါင်းတို့၏အား ဓမ္မအသိဉာဏ်ရရှိစေရန်ရည်ရွယ်၍ တရားတော်နာကြွရောက်ပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| **နေ့ရက်** | **ဟောကြားမည့်ဆရာတော်** |
|---|---|
| **၈-၁၁-၂၀၁၄ ရက်(စနေနေ့)** | **ပါမောက္ခချုပ်ဆရာတော်** |
| **၉-၁၁-၂၀၁၄ ရက်(တနင်္ဂနွေနေ့)** | **ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ** |
| **၁၀-၁၁-၂၀၁၄ ရက်(တနင်္လာနေ့)** | **ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ** |

## တေဇ(၂၅)နှစ်ပတ်လည်တွေ့ဆုံပွဲဖိတ်ကြားခြင်း

သူငယ်ချင်းတို့ရေတို့များ (၁၆)နှစ်မြောက်နှစ်ပတ်လည်တွေ့ဆုံပွဲ အခမ်းအနားကျင်းပရာတွင် ကျဆုံး၊ ကွယ်လွန်သွားကြသော သူငယ်ချင်းများကိုရည်စူး၍ ကုသိုလ်ဒါနပြုပေးခြင်း၊ ပျော်ရွှင်စွာဂေါက်သီးရိုက်ကစားခြင်းနှင့် ညစာအတူတကွသုံးဆောင်ခြင်းတို့ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် သူငယ်ချင်းများ မိသားစုများနှင့်အတူတကွ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| **နေ့ရက်** | **အချိန်** | **နေရာ** |
|---|---|---|
| ၈-၁၁-၂၀၁၄ရက်(စနေနေ့) | နံနက် ၅:၃၀နာရီ | တပ်မတော်ဂေါက်ကွင်း (မင်္ဂလာဒုံ) |
| ၈-၁၁-၂၀၁၄ရက်(စနေနေ့) | ညနေ ၆:၃၀နာရီ | မင်္ဂလာဒုံဥယျာဉ်ဝင်း |
| ၉-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) | နံနက် ၉:၃၀နာရီ | သဘာဝတရားရိပ်သာ (သန်လျင်) |

**တေဇ(၂၅)နှစ်ပတ်လည်နေ့အခမ်းအနားဖြစ်မြောက်ရေးကော်မတီ ဆက်သွယ်ရန်ဖုန်း**

| | |
|---|---|
| **ဥက္ကါအေး** | ဖုန်း-၀၉-၅၁၉၉၇၉၉၊ ၀၉-၄၃၀၂၁၇၅၅ |
| **သန်းထွဋ်** | ဖုန်း-၀၉-၅၀၆၂၈၅၂ |
| **ကျော်သက်နိုင်** | ဖုန်း-၀၉-၇၃၈၆၁၂၄၅၊ ၀၉-၃၆၁၁၄၅၁၃ |
| **အေးမင်းစိုး** | ဖုန်း-၀၉-၅၅၀၅၅၇၉ |

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ - ၉-လမ်း (မြောက်)၊ မြေတိုင်းရပ်ကွက်အမှတ် (၆-ဒီ)၊ (၁၄၊ ၁၅၊ ၁၆)၊ အမှတ်-၆၃၈၊ အကျယ်အဝန်း ( ၂၂´ × ၈၀´ ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ပြုလုပ်ခြင်း။

အထက်ဖော်ပြပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်အဆက်အစပ်တို့ဖြင့် တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလှဝင်းအောင် ( ၁၂/သလန (နိုင်) ၀၁၉၆၇၅ ) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ - ဒေါ်လှလှဝေ ( LL.B.)
တရားလွှတ်တော်ရှေ့နေ ( စဉ်-၇၇၈၀ )
အမှတ် ( ၈၈၂/ခ )၊ ပေါက်ပင်လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၇၃၁၇၄၅၂၂

ကြော်ငြာ


ပရိုမိုးရှင်းကာလမှာ အောက်တိုဘာ (၁၆) ရက်မှ
နိုဝင်ဘာ (၁၆) ရက်ထိ ဖြစ်ပါသည်
SAMSUNG
ဆီမီးပြိုင်ပြိုင်
တန်ဆောင်တိုင်
အထူးဈေးနှုန်း
540,000/-
Samsung GALAXY S5
ဝယ်ယူသူတိုင်းအတွက်
Top-Up
30000
MPT ငွေဖြည့်ကတ် ၃ သောင်းဖိုးလက်ဆောင်
( Samsung Brand Shop များတွင်သာ )
Free Gift
16GB microSD HC
Lifetime Warranty ပေးအပ်ထားသော
MicroSD Card 16GB တစ်ကတ် လက်ဆောင်
Samsung GALAXY GRAND Neo
Samsung GALAXY CORE 2
Samsung GALAXY S DUOS 2
Samsung DUOS
ဈေးနှုန်းချိုသာ၍ ဂျီအက်စ်အမ် ဆင်းမ်ကတ် နှစ်ခုထည့်သွင်းအသုံးပြုနိုင်သောစမတ်ဖုန်းများ
မြန်မာတစ်နိုင်ငံလုံးရှိ Samsung Brand Shop များနှင့် တရားဝင်အရောင်းကိုယ်စားလှယ်ဆိုင်များမှာ တပြေးညီရရှိနိုင်ပါပြီ။
အသေးစိတ် အချက်အလက်များကို Samsung Customer Contact Centre 01-2399 888 (သို့) www.facebook.com/samsungmyanmar သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# ရေဘေးသင့်ကျေးရွာပြန်လည်ထူထောင်ရေးဆောင်ရွက်

**စဉ့်ကူး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ခူလယ်ကျေးရွာအုပ်စု ရေမျက်ကျေးရွာသည် စက်တင်ဘာ ၁၈ ရက်က မိုးထူးကဲစွာရွာသွန်းမှုကြောင့် ချောင်းရေတစ်ရှိန်ထိုးဝင်ခဲ့ပြီး ရွာရှိလူနေအိမ် ၉၆ လုံး သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရာ ယနေ့အချိန်အထိ အဆိုပါကျေးရွာသို့ ကားကြီးကားငယ်များဖြင့် အရပ်ရပ်မှ စေတနာရှင်၊ အလှူရှင်များမှ ငွေ၊ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်၊ အိုးခွက်ပန်းကန်များ၊ စောင်၊ ခေါင်းအုံး၊ ခြင်ထောင်၊ ရေသန့်ဘူးမှအစ ကယ်ဆယ်ရေးပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကျေးရွာပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အဆိုပါကျေးရွာအနီး အခြေစိုက်ဆောင်ရွက်လျက်ရှိကြသော သိဒ္ဓိအောင်ရွှေမိုးကုမ္ပဏီနှင့် ရွှေသန်းဦးကုမ္ပဏီတို့က ကျေးရွာပြည်သူများ သန့်ရှင်းသောက်သုံးရေရရှိရေးအတွက် ငွေကျပ် ၁၅ သိန်းအကုန်အကျခံကာ ရေကန်တူးဖော်ပေးခြင်း၊ ရေသွယ်ပိုက်လိုင်းများ၊ စက်များတပ်ဆင်ပေးခြင်း၊ ပျက်စီးသွားသောအိမ်များ ပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ကျေးရွာချောင်း ရေစီးရေလာကောင်းမွန်ရေးပြုပြင်ပေးခြင်း၊ မြေနေရာအစားထိုး ပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် မြေကွက်ဝယ်ယူရန် ငွေကျပ် ၁၀ သိန်း စိုက်ထူပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ကျေးရွာပြန်လည်ထူထောင်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုအခါ ရေဘေးသင့်ရေမျက်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် ဒေသခံကုမ္ပဏီများ၊ စေတနာရှင် အလှူရှင်များ၏ စေတနာထက်သန်စွာ ဆောင်ရွက်ပံ့ပိုးပေးမှုတို့ကြောင့် ယခင်ရေမျက်ကျေးရွာနှင့် မတူတော့ဘဲ အိမ်ထောင်စုတိုင်းတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးဆောင်ရွက်ပြီးစီးခြင်း၊ ကျေးရွာလမ်းများကောင်းမွန်လာပြီး လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့လာခြင်း၊ ကုန်စည်စီးဆင်းမှုမြန်ဆန်လာခြင်း၊ ဘုန်းတော်ကြီးသင်မူလတန်းကျောင်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်ခြင်း၊ ကျေးရွာမီးလင်းရေးအတွက် ကုမ္ပဏီမှ ထရန်စဖော်မာများ လှူဒါန်းထားရှိပြီး မီးရရှိရေးဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် မကြာမီကာလတွင် ရေဘေးသင့် ရေမျက်ကျေးရွာနေပြည်သူများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**(၄၃၃)**



# ပြည်ပအသားတိုးနွားမျိုးကောင်းများ တင်သွင်းမွေးမြူခြင်းဖြင့် စီးပွားရေးတွက်ခြေကိုက်နိုင်

**ရန်ကုန် နိုဝင်ဘာ ၅**

ပြည်ပမှ အသားတိုးနွားများကို တင်သွင်းမွေးမြူခြင်းဖြင့် မြန်မာ့အသားစားနွား တင်ပို့မှုဈေးကွက် ရရှိလာနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုအခါမှာ နိုင်ငံထဲကို ပြည်ပနိုင်ငံတွေက အသားတိုးနွား မျိုးကောင်းမျိုးသန့်တွေ တင်သွင်းခွင့်ပြုထားပြီးဖြစ်ပါတယ်။ မွေးမြူရေးလုပ်ငန်းရှင်တွေအနေနဲ့ ပြည်ပကနေ နွားမျိုးကောင်းမျိုးသန့်တွေတင်သွင်းပြီး မွေးမြူမယ်၊ ပြည်ပသို့ တင်ပို့ရောင်းချမယ်ဆိုရင် စီးပွားရေးတိုးတက်လာမှာဖြစ်သလို နိုင်ငံတော်အတွက်လည်း ရသင့်ရထိုက်တဲ့ အခွန်အတုပ်များရရှိလာမှာ ဖြစ်ပါတယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

မြန်မာနိုင်ငံမှ ခိုင်းနွားများကို အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ တရားမဝင်တင်ပို့ရောင်းချနေသည့်အတွက် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များမရဘဲ နစ်နာဆုံးရှုံးလျက်ရှိသည်။ ထိုသို့ တရားမဝင်နွားများတင်ပို့နေသည့်အတွက် ခိုင်းနွားများရှားပါးလာမှုနှင့် ရင်ဆိုင်နေကြရသည်။ ယခုအခါ ခိုင်းနွား တစ်ရှဉ်းလျှင် ငွေကျပ် ၁၀ သိန်းပတ်ဝန်းကျင်ဈေးရှိနေသည်။ တောင်သူများအနေဖြင့် မိုးခေါင်သည့်နှစ်များတွင် လတ်တလောငွေကြေး အခက်အခဲကို ဖြေရှင်းနိုင်ရန် ခိုင်းနွားများကို ထုတ်ရောင်းရာမှ ခိုင်းနွားများ တစ်နှစ်ထက်တစ်နှစ် ရှားပါးလာပြီး နွားဈေးသိသိသာသာ မြင့်တက်လာကြောင်း နွားရောင်းဝယ်သူများထံမှ သိရသည်။

ပြည်ပအသားတိုးနွားမျိုးနွားကောင်းများကို နွားမွေးမြူရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများက တင်သွင်းမွေးမြူလာနိုင်မည်ဆိုပါက ခိုင်းနွားရှားပါးမှုပြဿနာများ လျော့နည်းလာမည်ဖြစ်သည့်အပြင် မြန်မာ့အသားတိုးနွား တင်ပို့မှုဈေးကွက်တစ်ရပ် ဖြစ်ထွန်းလာပြီး နိုင်ငံအတွက် ထိုက်သင့်သော အကျိုးအမြတ်များလည်း ရရှိလာနိုင်ကြောင်း ပညာရှင်များက သုံးသပ်ထားသည်။

**သတင်း - ကြံတိုင်းအောင်**
**ဓာတ်ပုံ - သဏ္ဍ**

# ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်ဖြစ်ရေး ဖျာပုံ၌ဆွေးနွေး

**ဖျာပုံ နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် ပြည်သူများပူးပေါင်းပါဝင်သော ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေး အစည်းအဝေးကို ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ နိုဝင်ဘာ ၁ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလွင်မောင်သိန်းက ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် အပတ်စဉ်အစည်းအဝေးများတွင် ပြည်သူများ၏ တင်ပြမှုများနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ထားမှုများ ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌက သားသတ်လုပ်ငန်းများ အရေးယူဆောင်ရွက်ထားမှုနှင့် မြို့နယ်ဘာသာပေါင်းစုံချစ်ကြည်ရေး ဥက္ကဋ္ဌက ဘာသာရေးအကြောင်းပြု ပဋိပက္ခများမဖြစ်ပေါ်စေရေး ဆောင်ရွက်ထားမှုတို့ကို ဆွေးနွေးခဲ့သည်။

**ချမ်းသာ(ဖျာပုံ)**



# ဆေးဝါးများနှင့် ဆိုးဆေးပါစားသောက်ကုန်များ စစ်ဆေး

**သာစည် နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက်များအတွင်းနှင့် မြို့မဈေးကြီးအတွင်းတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် နိုင်ငံခြားဆေးအရောင်းဆိုင်များ၊ မုန့်မျိုးစုံအရောင်းဆိုင်များကို အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝင်းနိုင်၊ ဒုတိယရဲမှူးမောင်မောင်ဝေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာဆရာမများ ပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၃ ရက်က ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါပူးပေါင်းအဖွဲ့သည် ဆိုင်များတွင်ရောင်းချလျက်ရှိသော သုံးစွဲရန်ခွင့်မပြုသည့် ဆိုးဆေးများပါဝင်သည့် မုန့်အမျိုးမျိုးနှင့် ဆေးအရောင်းဆိုင်များတွင်ရောင်းချနေသော မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများနှင့် ဆေးဝါးအတုငါးမျိုးကို ရှာဖွေသိမ်းဆည်းကြပြီး ဆိုင်ရှင်များနှင့်တွေ့ဆုံ၍ နောင်တွင်ဆိုင်တင်မရောင်းချရန် ပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်ကို(သာစည်)**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်၊ အကွက်အမှတ်/အမည်/(၃၀/ကြက်မင်းတွန်)၊ ဦးပိုင်အမှတ်(၃၆)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်သည် မြို့မြေမှုတွဲအမှတ် ၃၅၀/၁၉၉၀-၁၉၉၁ အရ(၃၀-၉-၂၀၁၀)ရက်အထိ နှစ် ၂၀ ဂရန် ဦးခင်မောင်ဝင်း အမည်ပေါက် မြေကွက်ဖြစ်ပြီး မြေငှားဂရန်သက်တမ်းတိုးလျှောက်ထားရာတွင် ဦးခင်မောင်ဝင်း အမည်ပေါက်ဂရန်စာချုပ်အဟောင်းမှာ ၂၀၀၆ခုနှစ် ရေကြီးနစ်မြုပ်စဉ်က ပျောက်ဆုံးသွားပါသဖြင့် အကျိုးသက်ဆိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက မြေငှားဂရန်သက်တမ်းတိုးခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဝင်း ၉/ကဆန(နိုင်)၀၁၈၄၉၃**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၂ယ/၈၂၂၁၉ ယာဉ်လက်ဝယ်ရှိသူ ဦးလှအောင် ၉/မမန (နိုင်)၀၄၁၃၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

**အမည်မှန်**

ဦးရဲထွန်း ၈/နမန(နိုင်)၀၉၃၆၈၄၏သမီး ကျောက်ပန်းတောင်းမြို့ အမှတ်(၁)အထက နဝမတန်း(M)မှ မယမင်း၏အမည်မှန်မှာ မယမင်းရွှေစင် ဖြစ်ပါသည်။

**မယမင်းရွှေစင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၇၂**

ဦးဇော်ဝင်း **နှင့်** ဒေါ်တင်တင်စိန်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၈၈၃)၊ သဇင်အေးရပ်နေ ဒေါ်တင်တင်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက ကတိပဋိညာဉ်ပျက်ကွက်သည့်အတွက် ငွေကျပ်(၁၀၄)သိန်း ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ငင်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက် (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထားထား)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၆၆၄၈၈ Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးလွင် ၉/မရမ(နိုင်)၀၆၉၇၇၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၁၃၇၈၃ SumBo, 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးနိုင် ၉/ခမစ(နိုင်)၀၂၆၀၆၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၂၇၈၉၀ V.AN Bo 125 ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင် ၉/ပကခ(နိုင်)၀၂၈၅၄၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၆၉၀၂ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးစန်းတင်မောင် ၉/မနတ(နိုင်)၀၇၅၆၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး



# စာပေဗဟုသုတ ဖွံ့ဖြိုးရေးအထောက်အကူပြုမည့် စယ်ဟိုင်းကျေးရွာစာကြည့်တိုက်

**သတင်းဆောင်းပါး - ညာဏ်မင်း(နမ့်ခမ်း)**

နယ်စပ်ဒေသမြို့ တစ်ခုဖြစ်သော နမ့်ခမ်းမြို့နယ်ရှိ စယ်ဟိုင်း(မန့်ကန်) ကျေးရွာ ပြည်သူ့စာကြည့်တိုက်သို့ အောက်တိုဘာ ၂၃ ရက် နံနက်က ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများ စုဝေးရောက်ရှိလာကြသည်။ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ မတည်ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေကျပ်သိန်း ၄၀ စုစုပေါင်း ငွေကျပ်သိန်း ၅၀ အကုန်အကျခံ တည်ဆောက်ခဲ့သော စာကြည့်တိုက် ဖွင့်ပွဲသို့ လာရောက်ကြခြင်း ဖြစ်သည်။ စာကြည့်တိုက်ဖွင့်လှစ်နိုင်သည့်အတွက် ဒေသခံများ၏ မျက်နှာများမှာ ဝမ်းသာအားရ ရှိနေကြသည်။

စာကြည့်တိုက်ကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး၊ မူဆယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူး၊ နမ့်ခမ်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်မိုးဦးနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေး တာဝန်ရှိသူများနှင့်အတူ တပ်မမှူး ဗိုလ်မှူးချုပ်သက်ထွန်းဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်သူများကြည့်ရှုအပန်းဖြေနိုင်ရန်နှင့် ဗဟုသုတရရှိရန်အတွက် Sky Net ရုပ်သံဖမ်းစက်နှင့် ရုပ်မြင်သံကြားစက်တစ်လုံးကို တပ်မမှူးက လှူဒါန်းခဲ့သည်။

နမ့်ခမ်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်သွေးက "ဒီစာကြည့်တိုက်ကို ဖွင့်လှစ်နိုင်တာ အားလုံးကဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့လို့ပါ။ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၊ နမ့်ခမ်းမြို့က မြို့မိမြို့ဖတွေနဲ့ ကျေးရွာပြည်သူများက လိုအပ်တာတွေ ဝိုင်းဝန်းကြိုးပမ်းခဲ့လို့ စာကြည့်တိုက်အတွက် စာအုပ်စာစောင်တွေ အတော်လေး ပြည့်စုံအောင် ထားပေးနိုင်ခဲ့ပါတယ်။ ဒီရွာမှာ ၂၄ နာရီ လျှပ်စစ်မီးလည်းရတဲ့အတွက် စာအုပ်တွေကို ဖုန်းကနေ ဖတ်နိုင်တဲ့ Public Digital Library Service စက်ကိုလည်း တပ်ဆင်ပေးထားပါတယ်။ နမ့်ခမ်းမြို့နယ်အတွင်း ဒီစာကြည့်တိုက်မှာ အရင်ဆုံး တပ်ဆင်တာဖြစ်ပါတယ်" ဟု ပြောပြသည်။ စာကြည့်တိုက်တွင် သုတ ရသစာအုပ်မျိုးစုံအုပ်ရေ ၁၃၀၀ ကျော်ထားရှိပြီး ပရိဘောဂများ၊ မီဒီယာပစ္စည်းများလည်း ထားရှိသည်။ PDLS စနစ် တပ်ဆင်ထားသဖြင့် ဖုန်းများ၊ တက်ဘလက်များဖြင့် ဖတ်ရှုနိုင်သည့်အတွက် လူငယ်များ၊ ကျောင်းသားများလည်း စိတ်ဝင်စားလျက်ရှိသည်။

စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်လာသော ဒေသခံများအနေဖြင့် စာကြည့်တိုက်ဖွင့်လှစ်နိုင်သည့်အတွက် ဂုဏ်ယူလျက်ရှိသည်။ စယ်ဟိုင်းကျေးရွာသည် နမ့်ခမ်း- မူဆယ်ကားလမ်းပေါ်တွင်တည်ရှိသော ရွာဖြစ်ကာ ၂၄ နာရီမီးရရှိပြီး ကျောင်းကန်ဘုရား စေတီများဖြင့်သာယာလျက်ရှိသည်။ ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကလည်း လူငယ်များ ပညာရေးအတွက် အထောက်အကူ ပြုလျက်ရှိသည်။ သို့သော်ကျေးရွာအတွက် လိုအပ်သော သုတရသစာပေများ ဖတ်ရှုနိုင်မည့် စာကြည့်တိုက်ကို ယခင်က မထားနိုင်ခဲ့သေးဘဲ ယခုမှသာဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်၍ လိုအပ်သော ကွက်လပ်တစ်ခု ဖြည့်ပေးနိုင်သည့်ပမာ ဒေသခံများအတွက် များစွာ အကျိုးရှိပေသည်။ ။

## သတင်းတို

### လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေရိုင်းဥပဒေဆိုင်ရာများဟောပြော

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်တွင် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ မြေလွတ်မြေရိုင်းဥပဒေနှင့် နည်းဥပဒေများဆိုင်ရာများအား တောင်သူများသို့ ဟောပြောရှင်းလင်းပွဲကို သိက္ခာတော်ရဆရာကြီး ဦးကမ်တွဲသျှောင်ဦးစီး၍ အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့ရာ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးစန်းတင့်ဦးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာလဒွဲတို့က အမှာစကားပြောကြားကာ မြို့နယ်မြေစာရင်းဌာနဦးစီးမှူး ဦးနန်ဟီးမင်က ဥပဒေဆိုင်ရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မလှိုင်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**မလှိုင် နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အခြေခံမီးသတ်ပညာနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများကို တတ်သိနားလည်စေရန် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းကို နိုဝင်ဘာ ၃ရက်က စတင်ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးသောင်းက သင်တန်းဖွင့်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းတွင် အခြေခံမီးသတ်ပညာ၊ အရေးပေါ် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများအကြောင်း၊ လက်နက်မဲ့စစ်ရေးပြ၊ သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး၊ မီးလောင်ခံရသူများကို ရှေးဦးသူနာပြုစုခြင်း စသည့်ဘာသာရပ်များကို သင်ကြားသွားမည်ဟု သိရသည်။ သင်တန်းသို့ မြို့ပေါ်ရပ်ကွက်ကြီးသုံးခုနှင့် ထန်းတောကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကို လေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**




### ပ-သုံးလုံး ဝိပဿနာပညာဆရာဖြစ်သင်တန်းဖွင့်မည်

(၂၁)ကြိမ်မြောက် ရဟန်းတော်များ ဝိပဿနာပညာ ဆရာဖြစ်သင်တန်းကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၄ရက်(တနင်္ဂနွေနေ့)မှစ၍ တစ်လတိတိ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ပ-သုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၌ ဖွင့်လှစ်မည်။

နိုဝင်ဘာ ၁၈ရက်မှ ဒီဇင်ဘာ ၁၀ရက်အထိ ပထမကြီးတန်းနှင့် အဆင့်မီ သင်ကြားဖူးသော ရဟန်းတော်များ လျှောက်ထားနိုင်သည်။

ဖုန်း-၀၁-၃၇၇၇၃၁၊ ၀၁-၃၇၈၁၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ထားဝယ်ခရိုင် တရားမရုံး၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၃၇**

ဒေါ်အေးအေးသန်း — ၁။ ဒေါ်အေးသန်း ၂။ မတင်တင်ဝေ ၃။ မဖြိုးဖြိုးဝေ
နှင့် — ၄။ ကိုမင်းဇော်ဦး ၅ ။ ကိုကျော်ကျော်ထွေး
**တရားလို** — **တရားပြိုင်များ**

ထားဝယ်မြို့၊ အမှတ်၅၀၉၊ ကျက်သရေလမ်း၊ ကြက်စားပြင်ရပ်နေ ဒေါ်အေးသန်း၊ မတင်တင်ဝေ၊ မဖြိုးဖြိုးဝေ၊ ကိုမင်းဇော်ဦး၊ ကိုကျော်ကျော်ထွေး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးအေးသန်းက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၆ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည့်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(တင်တင်အေး)**
**ခရိုင်တရားသူကြီး**
**ထားဝယ်ခရိုင်တရားရုံး**

### ကန့်ကွက်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ် ဥ-၆၀၉၁၊ ဧရိယာ ၀ ဒသမ ၁၄၆၈ဧက ဒေါ်နော်ပုလဲဖော အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား ဒုတိယဗိုလ်မှူးကြီး ကိုကိုမောင် ၉/အမရ(နိုင်)၀၀၆၈၃၆ (ဘ)ဦးစိန်မောင်က ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေငှားဂရန် စာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာခြင်း

တာချီလိတ်မြို့၊ ဝိန်းကျောက်(၁)ရပ်ကွက်၊ အမှတ်-၁၆၃နေ ဦးဇော်ဇော်ထွန်း ၁၀/ရမန(နိုင်) ၀၉၆၅၂၆ က ကြေညာအပ်ပါသည်။ တာချီလိတ်မြို့၊ မြို့ပတ်လမ်းဘေးကွင်းပြင်ဒေသ LU-88178 ရှိ မြေဧရိယာ ၉၃ ဒသမ ၁၃ ဧကခြံတွင် စိုက်ပျိုးလုပ်ကိုင်ခဲ့သည်မှာ ၂၀၀၃-၂၀၁၄ မှစပြီး ယနေ့တိုင်ဖြစ်ပါသည်။ယင်းခြံမြေကွက်တွင် ခြံစည်းရိုးခတ်၍ ထိန်းသိမ်းလုပ်ကိုင်ခဲ့ရာ အထောက်အထားအဖြစ် မြို့နယ်မြေစာရင်းကွင်းဆင်းစစ်ဆေးချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် အဖွဲ့ခွဲ(၇)၏ ပြန်လည်ပေးအပ်သင့်ကြောင်း သုံးသပ်ချက်အစီရင်ခံစာ ၁၅/၂၀၁၃ နှင့်တကွ ပြည်ထောင်စုလွှတ်တော်၏ မဲခွဲဆုံးဖြတ်ချက်ရရှိပြီးဖြစ်ပါသည်။ ယင်းခြံမြေနှင့်ပတ်သက်၍ သက်ဆိုင်သူရှိက ကျွန်တော်ထံအထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ကြောင်း ၂၂-၉-၂၀၁၄ ရက်စွဲပါမြန်မာ့အလင်းသတင်းစာမှလည်း ကြေညာပြီးဖြစ်ပါသည်။ သို့ပါ၍ ကျွန်တော်၏ခြံမြေအား ကျွန်တော်၏သဘောဆန္ဒအတိုင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းစသော လုပ်ငန်းရပ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်ဇော်ထွန်း**
**၁၀/ရမန(နိုင်)၀၉၆၅၂၆**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပေါက်မြို့နယ်တရားမရုံး၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်(၄၄)**

ဦးမော်စီ — နှင့် — ဦးဝင်းဇော်
**တရားလို** — **တရားပြိုင်**

ပေါက်မြို့နယ်၊ ကျွန်းရင်းကျေးရွာအုပ်စု၊ ကျွန်းရင်းကျေးရွာနေ တရားပြိုင် ဦးဝင်းဇော် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမော်စီက နှစ်ဦးစပ်နွားအရောင်းအဝယ်လုပ်ငန်းအတွက် စိုက်ထုတ်ထားသည့် ငွေကျပ် ၂၀၀၀၀၀၀ိ/(ကျပ်သိန်းနှစ်ဆယ်)နှင့် နစ်နာကြေးငွေ ၆၀၀၀၀၀ိ/ (ကျပ်ခြောက်သိန်း)တိတိ စုစုပေါင်း ၂၆၀၀၀၀၀ိ/ (ကျပ်နှစ်ဆယ့်ခြောက်သိန်း)တိတိရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ရက် (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆန်းထွန်းဦး)**
**မြို့နယ်တရားသူကြီး**
**ပေါက်မြို့နယ်တရားရုံး**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မမြင့်မြင့်ခိုင် ၅/ကလထ(နိုင်)၁၇၉၂၃၄ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**မမြင့်မြင့်ခိုင် ဖုန်း-၀၉-၂၅၆၅၂၆၃၆၂**

## သူနာပြုနှင့် သားဖွားသင်တန်းအောင်လက်မှတ်များ ပေးအပ်

**မကွေး နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မကွေး သူနာပြုနှင့်သားဖွားသင်တန်းကျောင်းမှ သူနာပြုနှင့် သားဖွား သုံးနှစ်သင်တန်း တက်ရောက်အောင်မြင်ပြီးသော ကျောင်းသူများအား ဒီပလိုမာအောင်လက်မှတ်ပေးအပ်ပွဲကို နိုဝင်ဘာ ၃ ရက်က ကျင်းပသည်။

ဒီပလိုမာအောင်လက်မှတ်များပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေက ပြည်သူလူထု၏ ကျန်းမာရေးလိုအပ်ချက်ကို အဓိကဖြည့်ဆည်းပေးရမည့် သူများသည် သူနာပြုများဖြစ်ကြောင်း၊ ကုသရေးက အရေးကြီးသလို ပြုစုစောင့်ရှောက်ရေးကလည်းအရေးကြီးကြောင်း၊ ဂုဏ်သိက္ခာရှိသော ကိုယ်ကျင့်တရားကောင်းမွန်သော သူနာပြုများဖြစ်အောင် ကြိုးစားရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒီပလိုမာအောင်လက်မှတ်ကို ASEAN Level အသိအမှတ်ပြုခံရအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီပလိုမာအောင်လက်မှတ်ရသူများအနေဖြင့် သူနာပြုသိပ္ပံဘွဲ့၊ မဟာသိပ္ပံဘွဲ့များကိုပါ တက်ရောက်နိုင်မည့် ပညာရှင်များအဆင့်အထိဖြစ်အောင် လျှောက်လှမ်းနိုင်ရေးကြိုးစားကြရန် အမှာစကားပြောကြားသည်။

> **နိုင်ငံတော်အနေဖြင့် ဒီပလိုမာလက်မှတ်ကို ASEAN Level အသိအမှတ်ပြုခံရအောင် ဆောင်ရွက်လျက်ရှိ . . .**

ထို့နောက် သူနာပြုနှင့်သားဖွားသင်တန်းကျောင်းအုပ်ကြီး ဒေါ်နွယ်နွယ်ချိုက သူနာပြုသင်တန်းသူများအား ဒီပလိုမာလက်မှတ်များကို တစ်ဦးချင်းပေးအပ်ခဲ့သည်။ မကွေး သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၏ ပထမအကြိမ် သူနာပြုဒီပလိုမာ အောင်လက်မှတ် အပ်နှင်းပွဲဖြစ်ပြီး သင်တန်းသူ ၅၈ ဦးအား သူနာပြုအောင်လက်မှတ် ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

အောင်လက်မှတ်ပေးအပ်ပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးဆေးရုံအုပ်ကြီး၊ မကွေးသူနာပြုနှင့်သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် နည်းပြဆရာမများ၊ အောင်လက်မှတ်ရယူကြမည့် သင်တန်းသူများနှင့် မိဘများတက်ရောက်ခဲ့သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## တက္ကသိုလ်ဝင်တန်းကျောင်းသားများအတွက် ညကျောင်းဖွင့်လှစ်

**လှိုင်ကော် နိုဝင်ဘာ ၅**

ကယားပြည်နယ် လွိုင်ကော်မြို့မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၌ နိုဝင်ဘာ ၃ ရက်မှ စ၍ညကျောင်းဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါညကျောင်းကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်အထိ နေ့စဉ် ညနေ ၅ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူး ဦးတိုးလှနှင့် ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ ဆရာဆရာမများက ဘာသာရပ်အလိုက် အလှည့်ကျ သင်ကြားပေးသွားမည်ဖြစ်ကာ သင်ကြားရေးနှင့်ပတ်သက်သော ပစ္စည်းကိရိယာများနှင့် လိုအပ်ချက်များကို ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အပံ့ဖြစ်ရေး၊ လွိုင်ကော်မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများထဲမှ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သူများနှင့် ပြင်ပမှဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိ ဖြေဆိုနိုင်စေရေးနှင့် ကယားပြည်နယ်၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက် တိုးတက်မြင့်မားရေးအတွက် ကယားပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ပြည်နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၏ ကြီးကြပ်မှု၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ညကျောင်းဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်ညကျောင်း ဖွင့်လှစ်သင်ကြားရေး ကြီးကြပ်မှုကော်မတီများဖွဲ့စည်းရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်၊ မြို့နယ်ပညာရေးမှူး ဦးတိုးလှနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ တက္ကသိုလ်ဝင်တန်း ဘာသာရပ်အလိုက် သင်ကြားပို့ချမည့် ဆရာ ဆရာမများ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးအတွက် ယာဉ်ထိန်းတာဝန်ခံ ရဲမှူးကိုကိုနိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လဝကဦးစီးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

## ကလေး-တမူးလမ်းမှ အန္တရာယ်ကွေ့တောင်စောင်းလမ်းဖောက်လုပ်မှု ပြီးစီး

**ကလေး နိုဝင်ဘာ ၅**

မြန်မာ-အိန္ဒိယ လမ်းမဖြစ်သော ကလေး-တမူးလမ်း မိုင်တိုင်အမှတ် (၃၄/၃) မှ (၃၄/၄)ကြားရှိ မျက်ကွယ်ကွေ့လမ်းသည် ယာဉ်အန္တရာယ် အများဆုံး လမ်းကွေ့နေရာဖြစ်သည့်အတွက် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တောင်စောင်းကို ဖြိုဖျက်ဖောက်လုပ်ပြီး လမ်းတိုးချဲ့ခြင်းလုပ်ငန်းများကို အောက်တိုဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၃ ရက်တွင် လုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လမ်းတိုးချဲ့ဖောက်လုပ်မှုကို ကလေးခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၏ ညွှန်ကြားချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းလမ်းကွေ့နေရာသည် ကတ္တရာလမ်း အကျယ်ပေ ၄၀ ရှိရာ လမ်းကွေ့တောင်စောင်းကို အကျယ်ပေ ၂၀ ထိ တိုးချဲ့ဖောက်လုပ်ခြင်းဖြစ်ကြောင်း မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးမင်းထွဋ်က ပြောသည်။

အဆိုပါ လမ်းကွေ့တောင်စောင်းကို ဖြိုဖျက်ဖောက်လုပ်ခြင်းအားဖြင့် အလွန်အန္တရာယ်များသည့် မျက်ကွယ်လမ်းကွေ့နေရာသည် လမ်းအကျယ်ပေ ၆၀ ရှိလာသည့်အတွက် ယာဉ်ကြီး၊ ယာဉ်ငယ်များ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**



## ရဲတပ်ဖွဲ့လုပ်ငန်းဆောင်ရွက်မှုများ မြင်းမူပြည်သူများအား ရှင်းလင်းဆွေးနွေး

**မြင်းမူ နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းများ အရှိန်မြင့်ဆောင်ရွက်နေမှု၊ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဒေသခံပြည်သူများအား ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂ ရက်က မြင်းမူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြောင်းလဲတိုးတက်မှုများ၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများအားကိုးအားထားဖြစ်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူးအုန်းလွင်က ရဲတပ်ဖွဲ့လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် EU အဖွဲ့နှင့် ပူးပေါင်း၍ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုများ၊ နယ်မြေအတွင်း မှုခင်းများဖြစ်ပွားမှုနှင့် မှုခင်းကျဆင်းရေး အသိပညာပေးရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲစခန်းမှူးတို့က ပြန်လည်ဖြေကြားခဲ့ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှု မှတ်တမ်းဗီဒီယိုခွေကို ပြသခဲ့သည်။

**အောင်စိုးဖေ(iprd)**

---

### သတ္တုတွင်းဝန်ကြီးဌာန
### မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) စက္ကူစာရေးကိရိယာပစ္စည်း
(ခ) Toner, Cartridge
(ဂ) ဖယောင်းပုဆိုး
(ဃ) မီးသတ်ဆေးဘူး
(င) ဆေးဝါးပစ္စည်း

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၃-၁၁-၂၀၁၄ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၈-၁၁-၂၀၁၄ ရက်၊ ၁၂:၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)၊ ဖုန်း-၀၆၇-၄၁၄၈၁၈ တွင် လာရောက်စုံစမ်းနိုင်ပါသည်။

### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်းအတွက် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| (က) ဓာတ်ခွဲခန်းသုံးပစ္စည်း | (၂) မျိုး |
| (ခ) ရုံးသုံးပရိဘောဂ | (၃) မျိုး |
| (ဂ) Computer Desktop | (၁၀) လုံး |
| (ဃ) Transformer(250KVA) | (၁) လုံး |
| (င) Bush Cutter | (၃၀) လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၇-၁၁-၂၀၁၄ ရက်မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး ၁၄-၁၁-၂၀၁၄ ရက်၊ ၁၆:၀၀ နာရီ နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၇-၄၁၆၆၇၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
### လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးများမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **(က)တင်ဒါအဆိုပြုလွှာစတင်ရောင်းချမည့်ရက်** - ၁၃-၁၁-၂၀၁၄ ရက်
**(ခ) တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၀-၁၁-၂၀၁၄ ရက် ၁၄:၀၀နာရီ
**(ဂ) တင်ဒါစိစစ်ရွေးချယ်မည့်ရက်** - ၂၂-၁၁-၂၀၁၄ ရက်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံး ဖုန်း-၀၆၃-၂၃၀၁၈၊ ၀၆၃-၂၅၁၈၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ဧရာဝဏ်လမ်း၊ မြေတိုင်းရပ်ကွက် အမှတ် ၁၊ လူနေရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၁၇၉၄/၃၇၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ (၄၀'×၆၀')အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်တစ်ကွက်နှင့် မြေကွက်အမှတ် ၁၇၉၃/၃၆၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ (၄၀'×၆၀') အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်တစ်ကွက် စုစုပေါင်းမြေကွက်နှစ်ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ကျော်စိုး ၅/စကန(နိုင်)၁၄၆၉၇၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှလှလွင် (စဉ်-၅၇၇၃)** **ဦးအောင်ကျော်ကျော်မြတ် (စဉ်-၂၇၀၀၉)** **ဒေါ်လဲ့လဲ့ဝင်း (စဉ်-၃၉၈၈၀)**
**ဒေါ်လွင်မာ (စဉ်-၈၉၀၉)** **ဦးထွန်းထွန်းနိုင် (စဉ်-၃၅၅၃၄)** **ဒေါ်ဆုမွန်ထက် (စဉ်-၄၁၆၀၁)**
**တရားလွှတ်တော်ရှေ့နေများ** **ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂)**
**အမှတ် ၅၅(ဒုတိယထပ်)၊ အခန်း ၇၊** **အထက်တန်းရှေ့နေများ**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈**

### ကန့်ကွက်နိုင်ပါသည်

